# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 9 January 2025 ၁၁၆၉၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်** စာမျက်နှာ » ၄

**အခြေခံမဲစာရင်းတွင် ပါဝင်ရမည့် လူဦးရေစာရင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ** စာမျက်နှာ » ၅

**စာဖတ်သည့်ယဉ်ကျေးမှုအစ ပညာသင်ကျောင်းများက ...** ဆောင်းပါး စာမျက်နှာ » ၆

**လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားစေသည့် Human metapneumovirus (HMPV) ပိုင်းရပ်စ်ပိုးအကြောင်း သိကောင်းစရာ** ဆောင်းပါး စာမျက်နှာ » ၁၀


# ညောင်ဦးမြို့နယ်၌ ပဲစင်းငုံစိုက်ခင်းများ ခုတ်သိမ်းနေပြီ

ညောင်ဦး ဇန်နဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ပဲစင်းငုံစိုက်ခင်းများ ခုတ်သိမ်းနေပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ ပဲစင်းငုံစိုက်တောင်သူဦးမောင်ဆန်းက ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖





ကဏန်းကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

## ကဏန်းကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၉၂၈၄ ဧကရှိသောနယ်မြေကို "ကဏန်းကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅) အရ ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၄ ရက်(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်နှင့် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်နှင့် ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကဏန်းကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် စာမျက်နှာ ၃ ကော်လံ ၄ သို့ ❂

ကြေးမုံ

# ပကတိအခြေအနေမှန်ကို သိရှိနားလည် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းရှက်ဆောင်

ယနေ့ကာလတွင် ပြည်သူများကြား၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ပတ်သက်၍ အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရသည်။ အဆိုပါအခက်အခဲသည် ပြည်သူများအတွက် အရေးကြီးသဖြင့် အလေးထားစရာ အရေးကိစ္စတစ်ခုဖြစ်သည်။ ဖြစ်ပေါ်နေသောအခက်အခဲများ ပြေလည်စေရေးနှင့် ဖြစ်စဉ်အမှန်၏ ပကတိအခြေအနေများကို သိရှိနားလည်ပြီး အခက်အခဲများအား ကျော်လွှားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများ၏ အရင်းအမြစ်အလိုက် စက်တပ်ဆင်အင်အားအနေဖြင့် ရေအားလျှပ်စစ်စက်ရုံ ၃၀ ၏ စက်တပ်ဆင်အင်အား ၃၂၃၂ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၆ ရုံ၏ စက်တပ်ဆင်အင်အား ၃၂၆၈ မဂ္ဂါဝပ်၊ ကျောက်မီးသွေးစက်ရုံ နှစ်ရုံ၏ စက်တပ်ဆင်အင်အား ၁၃၈ မဂ္ဂါဝပ်နှင့် နေရောင်ခြည်စွမ်းအင်သုံးစက်ရုံ ရှစ်ရုံ၏ စက်တပ်ဆင်အင်အား ၂၄၀ မဂ္ဂါဝပ် တို့ရှိပြီး စက်ရုံစုစုပေါင်းစက်စွမ်းအားပြည့်မောင်းနှင်နိုင်ပါက မဂ္ဂါဝပ် ၄၀၀၀ အထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ယခုကာလ၌ တစ်ရက်ပျမ်းမျှမဂ္ဂါဝပ် ၂၂၀၀ ခန့်သာ ထုတ်လုပ်နိုင်ပြီး စုစုပေါင်းထုတ်လုပ်နိုင်မှု၏ ၅၀ ရာခိုင်နှုန်းခန့်သာ ဖြန့်ဖြူးပေးနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ၊ မလုံလောက်မှုများ၊ အလှည့်ကျပေးဝေနေရမှုများ စသည့်အခက်အခဲအမျိုးမျိုး ကြုံတွေ့လာရသည်။ အကယ်၍ လက်ရှိစက်တပ်ဆင်အင်အားစုစုပေါင်းမှ မဂ္ဂါဝပ်အပြည့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပါက လျှပ်စစ်ဓာတ်အားကို ပြည့်မီအောင်ပေးဝေနိုင်ပြီး အခက်အခဲကြီးကြီးမားမားရှိမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရအနေဖြင့် တိုးပွားလာသောလူဦးရေနှင့် ကြုံတွေ့ရသောအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကိုဖွဲ့စည်းပြီး တွေ့ကြုံရသည့်အခက်အခဲများ ဖြေရှင်းနိုင်ရေးနှင့် အနာဂတ်အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

လက်ရှိအနေအထားတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းခြင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ရခြင်းတို့နှင့် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို အကြမ်းဖက်ဖျက်ဆီးခံရသောကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးပို့၍ မရတော့ခြင်းစသည့် အခက်အခဲအမျိုးမျိုးတို့ ကြုံတွေ့နေရသည်။ လျှပ်စစ်ဓာတ်အားကို တိုးတက်ဖြန့်ဝေမပေးနိုင်ဘဲ လျှော့နည်းဖြန့်ဝေပေးရသည့် အခြေအနေဖြစ်လာသည်။ အဆိုပါအခက်အခဲအမျိုးမျိုးတို့တွင် အဖျက်သမားသောင်းကျန်းသူများက လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် စက်ရုံနှင့်ဓာတ်အားလိုင်းများကို တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဓာတ်အားမဂ္ဂါဝပ် တစ်ထောင်ခန့် အသားတင်လျှော့နည်းမှုသည် အဆိုးရွားဆုံးအခြေအနေဖြစ်သည်။

ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍ၌ အကြမ်းဖက်ဖျက်ဆီးခံရမှုနှင့်ပတ်သက်၍ အဖျက်မီဒီယာလွှမ်းမိုးခံရမှုကြောင့် အခြေအနေမှန်ကိုမသိရှိနိုင်ဘဲ အပြုသဘောမဆောင်သည့် အဆိုးများသာလွှမ်းမိုးနေသည်ကို တွေ့ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အကြမ်းဖက်သောင်းကျန်းသူများက မဟာဓာတ်အားလိုင်းပေါင်း ၁၆၀ ကျော်၊ ဓာတ်အားပို့လွှတ်လျက်ရှိသည့် တိုင်ပေါင်း ၁၇၁ တိုင်၊ ဓာတ်အားလိုင်းကြိုးနေရာ ၁၃၁ နေရာကို အကြိမ်ကြိမ်ဖျက်ဆီးခံရသဖြင့် အကြိမ်ကြိမ်သွားရောက် ပြုပြင်ဆောင်ရွက်ခဲ့ရပြီး ဆောင်ရွက်နေစဉ်အတွင်း အကြိမ်ကြိမ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် သေဆုံးဒဏ်ရာရပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ သို့သော် လျှပ်စစ်ဝန်ထမ်းများသည် ပြည်သူများ လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့လျှော့နည်းမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ဓာတ်အားပေးစက်ရုံများကို အမြန်ဆုံးပြင်ဆင်ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ လက်ရှိလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ကာလတိုဖြေရှင်းနိုင်ရန်အတွက် LNG ဓာတ်အားပေးစက်ရုံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရေရှည်တိုးတက်သုံးစွဲလာမည်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံ၏ အရင်းအမြစ်များဖြစ်သော ရေ၊ နေ၊ လေတို့မှ ထုတ်လုပ်နိုင်ရေးကိုလည်း နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် လက်ရှိ၌ ဓာတ်အားလျှော့နည်းဖြန့်ဖြူးပေးနိုင်မှုအပေါ် နားလည်သိရှိပေးနိုင်ပါရန်နှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်လာအောင် ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်အား ပေးဝေမှုလျှော့နည်းကျဆင်းနေမှုနှင့်ပတ်သက်၍ ပကတိအခြေအနေမှန်များကို ပြည်သူများအနေဖြင့် သိရှိနားလည်လက်ခံပြီး လတ်တလောတွင် လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲခြင်းဖြင့်ကူညီကာ အကြမ်းဖက်အဖျက်အန္တရာယ် ကာကွယ်တိုက်ဖျက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ပါဝင်ကူညီလက်တွဲဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ၈ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ **ဈေးနှုန်း**မှာ ငွေကျပ် ၅၃၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ကျုံပျော်မြို့နယ်၌ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ကျုံပျော် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ် ရောမင်းခန်းမ၌ ယနေ့ နံနက် ၈ နာရီက ပြုလုပ်သည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျုံပျော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဌာနမှကျင့်သုံးနေသော ဥပဒေ၊ နည်းဥပဒေများ၊ စိုက်ပျိုးရေးဆိုင်ရာ လယ်ယာမြေဥပဒေ၊ ယစ်မျိုးဆိုင်ရာ ဥပဒေဘာသာရပ်များကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ တိုက်နယ်ငါးခုမှ စာရေးဝန်ထမ်း ၉၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၈ ရက်မှ ၁၅ ရက် အထိဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၁၀၁ | ၈၂၈,၇၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၂၄၉ | ၇၉၃,၅၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၅ | ၄၁,၅၀၀ |
| FPB | ၁,၈၅၀ | ၁,၉၀၀ | ၁,၁၁၄ | ၂,၁၁၅,၉၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၆ | ၁၈,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၁၃၄ | ၁,၈၉၇,၃၅၀ |
| AMATA | ၄,၂၀၀ | ၄,၃၀၀ | ၄၂၅ | ၁,၇၈၇,၀၀၀ |
| MAEX | ၃,၁၅၀ | ၃,၂၀၀ | ၃၄၆ | ၁,၁၀၆,၄၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၀၅၀ | ၅၈ | ၁၇၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ္ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှ္ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယက ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သမိုင်းဝင်ဆက်ဆံရေးသည် ရှေးရာစုနှစ်များစွာကတည်းက တည်ရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုတို့တွင် နက်ရှိုင်းစွာအခြေခံလျက် ကဏ္ဍပေါင်းစုံနှင့် ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးတို့ဖြင့် သံတမန်ဆက်ဆံရေးအား ဆယ်စုနှစ် ၇ ခုကျော် တည်ဆောက်ထားရှိပါသည်။ မိမိတို့၏ နီးကပ်သောယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူများအကြား ခိုင်မာသော ထိတွေ့ဆက်ဆံမှုတို့ကြောင့် မိမိတို့ နှစ်နိုင်ငံပြည်သူများအနေဖြင့် များစွာအကျိုးခံစားရလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ကို မိမိတို့က ဂုဏ်ပြုသည့်အနေဖြင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် မိမိတို့၏ကြိုးပမ်းအားထုတ်မှုများ ခိုင်မာစေရန်အတွက် အဆွေတော်နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားမည်ဟု ထပ်လောင်းကတိကဝတ်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းပြီး သာယာဝပြောမှုများပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေး ပြည်ပအလုပ်အကိုင်ရေးရာနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်တည်တံ့လျက်ရှိသည့် ဗုဒ္ဓဘာသာအမွေအနှစ်၊ နက်ရှိုင်းသော ယဉ်ကျေးမှုဖလှယ်သည့်သမိုင်းကြောင်းနှင့် ခိုင်မာသော ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတို့အပေါ် အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅)နှစ်ကျော်ရှိလာပြီဖြစ်ရာ မိမိတို့၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး၊ ခရီးသွားလာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ ပါဝင်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် မိမိတို့၏ဆက်ဆံရေးသည် ကုလသမဂ္ဂ၊ ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)နှင့် အာဆီယံဒေသတွင်းဖိုရမ် (အေအာရ်အက်ဖ်)တို့တွင် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများက ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများ တိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် ကျန်းမာ၍ ကောင်းကျိုးများရရှိပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၅ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

### ❖ ရှေ့ဖုံးမှ

ပဲစင်းငုံကြဲပက်စိုက်ပျိုးမှုများကို ကဆုန်လ၊ နယုန်လများတွင် နှမ်းဖြင့် တွဲဖက်စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ မြေပဲခင်းများတွင် တန်းကြောင်းချ၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း စိုက်ပျိုးကြသည်။ ပဲစင်းငုံသီးသန့်စိုက်ပျိုးမှုသိပ်မရှိဘဲ သီးညှပ်အဖြစ်သာ စိုက်ပျိုးမှုများကြောင်း၊ နှမ်းများ နုတ်သိမ်း၊ ရိတ်သိမ်းချိန်တွင် ပဲစင်းငုံပင်များကို ထယ်ထိုးမြေဆွပေးခြင်းဖြင့် ပဲစင်းငုံများ အပင်သန်မာထွားကြိုင်းလာကာ အပင်ဖြစ်ထွန်းလွယ်ကြောင်း ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ကုလားတဲကျေးရွာ ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ ပဲစင်းငုံတစ်သီးစိုက်လျှင် ရှစ်လ၊ ကိုးလကြာမြင့်ခြင်းကြောင့် ပဲစင်းငုံစိုက်ပြီး ဈေးမကောင်းလျှင်ဖြစ်စေ၊ ပဲစင်းငုံမဖြစ်ထွန်းလျှင်ဖြစ်စေ စိုက်ပျိုးတောင်သူများ အင်မတန်နစ်နာကြောင်းနှင့် ကဆုန်၊ နယုန်လများတွင် ကြဲပက်စိုက်ပျိုးသည့် ပဲစင်းငုံတစ်သီးအား နတ်တော်လ၊ ပြာသိုလများတွင်မှ ခုတ်ယူရကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ပဲစင်းငုံစိုက်တောင်သူများသည် ခုတ်သိမ်းပြီးချိန်တွင် ပခုက္ကူ၊ မြင်းခြံနှင့် ကျောက်ပန်းတောင်းဈေးကွက်များသို့ သွားရောက်ရောင်းချကြောင်းနှင့် ယခုနှစ်တွင် ကျေးလက်တောင်သူများ ပဲစင်းငုံ အထွက်ကောင်းကြောင်း သိရသည်။

**ဒီပါလင်း**

### ❂ ကဏန်းကျွန်းမှ

သမဲ့၊ ကန့်ပလာ၊ ခနိစသည့်ဒီရေတောသစ်ပင်များအား ထိန်းသိမ်းနိုင်မည့်အပြင် ဖြူးခြေထောက်၊ ဖြူးကြက်တက်၊ နံ့ဖြူး၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ ကန့်ပလာစသည့် သစ်မျိုးများဖြင့် စိုက်ပျိုးတည်ထောင်ထားသည့် ဒီရေတောစိုက်ခင်းများကိုပါ ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ပွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးနိုင်ခြင်းနှင့် မြေတိုက်စားမှုနှင့် ကမ်းပါးပြိုမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

## နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ် ကြီး မြထွန်းဦး တက်ရောက်အမှာ စကားပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ ဗဟို ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီး များ၊ နေပြည်တော်ကောင်စီဝင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိ ပညာရှင်များ၊ ပုဂ္ဂလိကခရီးသွား လုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြ ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ဝန်ကြီးချုပ်များနှင့် စီးပွား ရေးရာဝန်ကြီးများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက် ကြသည်။

ဦးစွာ အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့အစည်းအဝေးကို (၁/၂၀၂၄) ကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးမှ ထွက်ပေါ်လာ သည့် ဆွေးနွေးတင်ပြချက်များ၊ ဆုံးဖြတ်ချက်များအပေါ် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများကို သိရှိသုံးသပ် နိုင်ရန်နှင့် ခရီးသွားရာသီကာလ တွင် နိုင်ငံတကာခရီးသွား ဧည့်သည်များ ပိုမိုရောက်ရှိရေး၊ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အစိုးရများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးအဖြေရှာရန် ကျင်းပခြင်း ဖြစ်ကြောင်း။

ကမ္ဘာ့ဒေသအသီးသီးတွင် ခရီး သွားဧည့်သည်များ ပိုမိုရောက်ရှိ လာစေရန်အတွက် ခရီးသွား လုပ်ငန်းကဏ္ဍ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့မှု၊ Visa ဖြေလျှော့မှု၊ လေကြောင်းလိုင်း များ တိုးချဲ့ပျံသန်းမှု၊ ဈေးကွက် မြှင့်တင်ရေး ပိုမိုလုပ်ဆောင်မှု၊ ခရီးစဉ်ဒေသများတွင် ခရီးသွား ထုတ်ကုန်များ ဖော်ထုတ်မှု၊ Events များ လက်ခံကျင်းပမှု စသည့် အစီအစဉ်များ ချမှတ်ဆောင်ရွက် လာကြသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့်လည်း နိုင်ငံ၏စီးပွားရေးကို အထောက် အကူပြုစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း ခရီးသွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ပြည်ပ ခရီးသည်များ ပိုမိုလာရောက်ရေး တို့ကို အခြားနိုင်ငံများနည်းတူ အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် အောင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး မိမိတို့၏ ဒေသထွက် ကုန်ပစ္စည်းများ၊ စားသောက်ကုန် များ၊ အမှတ်တရလက်ဆောင် ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ထိုမှတစ်ဆင့် ကုန်ချော ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့်နည်းစနစ်များ၊ ဗဟု သုတများနှင့်သင်တန်းများ၊ အလုပ် ရုံဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက် သွားကြရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီများ အနေဖြင့် ခရီးသွားလုပ်ငန်း ကော်မတီ၏ လမ်းညွှန်မှုနှင့် ခရီး စဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေး၊ ဒေသ ထွက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အစားအစာ များ၊ ကျန်းမာရေးနှင့်ညီညွတ် မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင် မှုပေးနိုင်ရေးအတွက် သက်ဆိုင် ရာ တာဝန်ရှိသူများက ဒေသခံများ နှင့် လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်များသည် လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်း စွာ သွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်ကို ခရီး သွားများ အချိန်တိုတိုအတွင်း ထိထိရောက်ရောက် သိရှိအောင် အဓိကထား ဆောင်ရွက်ကြရန် မှာ ကြားလိုကြောင်း၊ မိမိတို့နိုင်ငံ ၏ ထူးခြားသည့် ခရီးသွားထုတ် ကုန်နှင့် ဝန်ဆောင်မှုများကိုလည်း Digital Platform များမှတစ်ဆင့် ကမ္ဘာ့ခရီးသွား အသိုက်အဝန်း က သိရှိနိုင်ရန်ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်း လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟို ကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ယခင်ကျင်းပခဲ့ သည့် ဗဟိုကော်မတီနှင့် လုပ်ငန်း ကော်မတီ အစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် အခြေ အနေ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေ အနေများနှင့် အနာဂတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက် သင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း ၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟို ကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် အခြေ အနေနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများ ကို ဖတ်ကြားတင်ပြပြီး အတည် ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များမှ စီးပွားရေးရာဝန်ကြီး များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာ ရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြရာ ဗဟို ကော်မတီဥက္ကဋ္ဌက ဖြည့်စွက် ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေး သည်။

ထို့နောက် အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရ သည်။ **သတင်းစဉ်**

# ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူ များနှင့်အတူ ယမန်နေ့မွန်းလွဲ ပိုင်းက တပ်ကုန်းမြို့နယ် ရေဝေ ချောင်း (ပိတောက်ချောင်း)နှင့် ကျောက်ဆည်ချောင်း (ငါးရံ့ ချောင်း)တို့အပေါ်၌ တည်ဆောက် ထားသော ကင်းသာရေထိန်း တမံတွင် ရေကြီးရေလျှံမှုများ ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အပေါ် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူ များက တမံရေဝင်ချောင်းတစ်ခု ဖြစ်သည့် ပိတောက်ချောင်းမှ အခြား ရေဝင်ချောင်းတစ်ခုဖြစ် သည့် ငါးရံ့ချောင်းအတွင်းသို့ ရေလွှဲမြောင်း ဖောက်လုပ်နေမှု၊ တမံ၏ မူလရေလှောင်ပမာဏ ပြန်လည်ပြည့်မီ သိုလှောင်နိုင်ရေး အတွက် ရေဝပ်ဧရိယာအတွင်းမှ သဲနုန်းများ တူးဖော်ဖယ်ရှားနေမှု၊ ရေထုတ်ပြွန်နှင့် တမံပိုမိုခိုင်ခံ့ စေရန် ကွန်ကရစ်လောင်းနေမှုနှင့် သတ်မှတ်ထားသည့် ရေလမ်း ကြောင်းနေရာ တူးဖော်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဒုတိယဝန်ကြီးက နောင်ရေကြီးရေလျှံမှုဖြစ်စဉ်များ ဖြစ်ပွားပါက တမံဘေးကင်းလုံခြုံ ပြီး ရေရှည်ကြံ့ခိုင်စေရေးအတွက် စံချိန်စံညွှန်း အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက် ရန်၊ ဆည်ရေသောက်ဧရိယာ အတွင်းရှိ လယ်မြေများ စိုက်ပျိုး ရေ အခက်အခဲမရှိ ပေးဝေနိုင်ရေး အတွက် ကြိုတင်စီမံဆောင်ရွက် ပေးရန် ဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ ဆောင်းသီးနှံ အောင်မြင်ဖြစ်ထွန်းနေမှုများ ကွင်းဆင်းစစ်ဆေး

**ပျဉ်းမနား ဇန်နဝါရီ ၈**

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း သည် ရုံးချုပ်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦး၊ နေပြည်တော် ဒုတိယ တိုင်းဦးစီးမှူးတို့နှင့်အတူ ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သော လယ်ယာမြေများအပေါ် ပြန်လည်စိုက်ပျိုးထားရှိသော ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပျဉ်းမနားမြို့နယ် ငကောင်းကံ၊ မယ်ဇလီကုန်းကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးထားရှိသော ဆောင်းနေကြာစိုက်ခင်းများကို ကြည့်ရှုကာ နေကြာမျိုးစေ့ထုတ် တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



# အခြေခံမဲစာရင်းတွင် ပါဝင်ရမည့်လူဦးရေစာရင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အိမ်ထောင်စု အမှတ်စဉ်များ ဖြည့်သွင်းနိုင်ရေးနှင့် လူဦးရေစာရင်းများ မြေပြင်စိစစ်အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထည့်သွင်းပြုစု**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် အဘက်ဘက်မှ အသင့်ဖြစ်နေစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းပြည့်စုံမှန်ကန်ရေးသည် အဓိကကျပါကြောင်း၊ ကော်မရှင်အနေဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ဗဟိုကော်မတီက ပေးပို့လာသည့် လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (CVLMS) အတွင်း ထည့်သွင်းပြုစုထားပြီးဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မဲရုံအလိုက် ပြုစုရမည်ဖြစ်ပါကြောင်း၊ မဲရုံအလိုက် မဲစာရင်းများပြုစုရာ၌ မဲရုံတွင် မဲပေးရမည့်နယ်မြေသတ်မှတ်ချက်အတိုင်း ပြုစုရပါကြောင်း၊ နယ်မြေသတ်မှတ်သည့်အခါတွင်လည်း မဲဆန္ဒရှင်များ၏ နေရပ်လိပ်စာအပေါ် အခြေခံပြီး ခွဲဝေသတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ နယ်မြေသတ်မှတ်ချက်တွင် ပါဝင်သည့် အိမ်ထောင်စုအားလုံးသည် အစီအစဉ်တကျပါဝင်ရန် လိုအပ်ပါကြောင်း၊ အစီအစဉ်တကျပါဝင်ရန်အတွက် အိမ်ထောင်စုအမှတ်စဉ်များ လိုအပ်ပါကြောင်း၊ အိမ်ထောင်စုအမှတ်စဉ်များသည် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ အိမ်အမှတ်၊ လမ်း၊ နယ်မြေ/အပိုင်း/ရွာခွဲများအလိုက် အစီအစဉ်တကျ ဖြစ်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စု အမှတ်စဉ်များကို နေရပ်လိပ်စာ အစဉ်အတိုင်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဖြည့်သွင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ မဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လူဦးရေစာရင်းများကို မြေပြင်စိစစ် အတည်ပြုနိုင်ရေးစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံမှလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ တောင်းခံသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြေပြင်စိစစ်အတည်ပြုနိုင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးလမ်းညွှန်မှုပြုသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အခြေခံလူဦးရေစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်၊ တွေ့ရှိချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အီလက်ထရောနစ်မှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များအပေါ် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်မဲရုံအလိုက် မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အိမ်ထောင်စု အမှတ်စဉ်များ သတ်မှတ် ဖြည့်သွင်းနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရခိုင်ပြည်နယ်မှ တွဲဖက်တာဝန်ချထားသည့်ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရခိုင်ပြည်နယ်မှ တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများအား မြောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြည့်စုံမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီက ပေးပို့လာသော e-ID လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် CVLMS သို့ထည့်သွင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တွဲဖက်တာဝန်ချထားသည့် ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းတို့က လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ နှစ်သစ်ကြိုဆိုပွဲ တက်ရောက်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌနှင့် မူဆယ်ရုံးခွဲဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် အလုပ်အမှုဆောင်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၅ ရက်က တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့၌ ကျင်းပခဲ့သည့် ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲသို့ တက်ရောက်အားပေးခဲ့သည်။

ထို့အတူ မြစ်တစ်စင်း၏ သံယောဇဉ် - မိသားစုတစ်ခု၏ မေတ္တာ၊ ၂၀၂၅ ခုနှစ် နယ်စပ်ဖြတ်ကျော် နှစ်သစ်ကြိုဆိုပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၈**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# စာဖတ်သည့်ယဉ်ကျေးမှုအစ ပညာသင်ကျောင်းများက ....

ဒေါက်တာမောင်သင်း

**❀ စာကောင်းပေမွန်များများဖတ်ခြင်းဖြင့် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်၊ ဓမ္မနှင့်အဓမ္မ ခွဲခြားနိုင်စွမ်းနှင့် သူ့ဘက်ကိုယ့်ဘက် မျှတစွာကြည့်တတ်ပြီး ကိုယ်ချင်းစာနာနိုင်စွမ်းရှိသည့် ပညာပြည့်ဝနိုင်ငံသားများ ပေါ်ထွန်းလာကာ ငြိမ်းချမ်းသာယာသည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ပညာတတ်စွမ်းအားစုများဖြစ်ထွန်းလာ**

**❀ စာဖတ်သူတို့တွင် စာထဲက အသိအမြင်များဝင်ရောက်ရာ တံခါးနှစ်ပေါက်ရှိသည်။ ဦးနှောက်နှင့် နှလုံးသားတံခါးတို့ဖြစ်ပါသည်။ ဦးနှောက်တံခါးမှ သိစရာ၊ မှတ်စရာ၊ ဗဟုသုတဖြစ်စရာ အချက်အလက်များ ဝင်ရောက်ပါသည်။ နှလုံးသားတံခါးမှ စိတ်စေတနာနှင့် ကိုယ်ချင်းစာတရားများ နိုးကြားစရာ၊ လူမှုရေးရာအဖြစ်အပျက်များ ဝင်ရောက်**

(ယမန်နေ့မှ အဆက်)

၁၂။ အတန်းတိုင်း (Grade အဆင့်တိုင်းတွင် စာကောင်းပေမွန်စာအုပ်ကို အများဆုံးဖတ်လေ့ရှိသူများနှင့် တင်သွင်းသည့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးများ (သို့) နံရံကပ်စာစောင်များမှ အကောင်းဆုံးကိုဖော်ထုတ်၍ ကျောင်းအဆင့်၊ မြို့နယ်အဆင့် စသည်တို့ဖြင့် ရွေးချယ်ဆုပေးဂုဏ်ပြုခြင်း။ လူရည်ချွန်ရွေးချယ်ရာတွင် စာပေဖတ်ရှုခြင်း မပြုသူများ (သို့) စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ရေးသားခဲ့ခြင်းမရှိသူများကို ရွေးချယ်ခြင်းမပြုရန်။

၁၃။ အပိုဒ် ၉၊ ၁၀၊ ၁၁ ပါ သက်ဆိုင်ရာ Grade အဆင့်နှင့်အညီ ဖတ်ကြားရမည့် စာအုပ်အရေအတွက်နှင့် စာတမ်းများ ရေးသားတင်သွင်းခြင်းမရှိပါက အောင်စာရင်းထုတ်ပြန်ခြင်းမပြုရန် (သို့) မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်ကြောင်း လက်မှတ်ထုတ်မပေးခြင်းဖြင့် တွန်းအားပေးဆောင်ရွက်စေခြင်းတို့ဖြစ်ပါသည်။

## ဖြည့်ဆည်းပေးရမည့်အချက်များ

၁၄။ အခြေခံပညာကျောင်းတိုင်းတွင် ......

(က) စာကြည့်တိုက်များ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ခ) သက်ဆိုင်ရာကျောင်းများ အစီအစဉ်ဖြင့် စာအုပ်များစုဆောင်းခြင်း (ဥပမာ- ရန်ပုံငွေရှာဖွေ၍ ဝယ်ယူခြင်း၊ အလှူခံခြင်း)

(ဂ) စာအုပ်ဗီရိုများရရှိစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) နံရံကပ်စာစောင် ရေးဆွဲပြသခြင်း၊ ဖြစ်နိုင်လျှင် ကျောင်းသတင်းလွှာများ၊ စာစောင်များ ထုတ်ဝေခြင်း၊

(င) ကျောင်းအဆင့် စာကြည့်တိုက်အသင်းနှင့် စာဖတ်အသင်း ဖွဲ့စည်းထားရှိခြင်း

(စ) စာပေဟောပြောပွဲနှင့် စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်း၊

(ဆ) ဆရာ ဆရာမတိုင်းအား စွမ်းရည်မြင့်သင်တန်းပို့ချရာတွင် **"စာကြည့်တိုက်စာရင်းပြုစုမှု၊ တိုက်ပိုင်စာရင်းသွင်းမှု၊ စာအုပ်ငှားရမ်းမှု၊ စာအုပ်ထိန်းသိမ်းမှု သင်ခန်းစာများ"** ပါ ထည့်သွင်းပို့ချပေးရန်။

(ဇ) ဆရာ ဆရာမများ ကိုယ်တိုင်စံပြအဖြစ် စာများများဖတ်စေရန် စီမံချက်ရေးဆွဲခြင်း၊ (ဥပမာ- စာဖတ်မှု၊ ပညာရေးဆောင်းပါး ရေးသားထုတ်ဝေမှု၊ ဟောပြောမှုနှင့် စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးမှု စသည်တို့ကို သင်တန်းစေလွှတ်မှုနှင့် ရာထူးတိုးမြှင့်အဆင့်ဆင့်တွင် ထည့်သွင်းစဉ်းစားခြင်း)

## ရရှိလာမည့် အကျိုးကျေးဇူးများ

၁၅။ အသိဉာဏ်ကြွယ်ဝသော နိုင်ငံသားများဖြစ်ထွန်းလာစေပြီး စာဖတ်နေကာ ပညာအမြဲဖြည့်ဆည်းနေသည့် နိုင်ငံသားများဖြင့် ပြည့်လျှမ်းသည့် **"ပညာတတ်နိုင်ငံတော်"** ဖြစ်ထွန်းလာပေမည်။

၁၆။ စာကောင်းပေမွန် များများဖတ်ခြင်းဖြင့် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်၊ ဓမ္မနှင့်အဓမ္မ ခွဲခြားနိုင်စွမ်းနှင့် သူ့ဘက်ကိုယ့်ဘက် မျှတစွာကြည့်တတ်ပြီး ကိုယ်ချင်းစာနာနိုင်စွမ်းရှိသည့် ပညာပြည့်ဝနိုင်ငံသားများ ပေါ်ထွန်းလာကာ ငြိမ်းချမ်းသာယာသည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ပညာတတ်စွမ်းအားစုများ ဖြစ်ထွန်းလာပေမည်။

၁၇။ အခြေခံပညာပြီးမြောက်ပြီးနောက် မိမိ၏ ကိုယ်ကျင့်တရားခိုင်မာမှု၊ အသိဉာဏ်ပညာမြင့်မားမှုနှင့် ဖွံ့ဖြိုးအောင်မြင်စေရန်အတွက် စာဖတ်ခြင်းဖြင့် မိမိကိုယ်ကို ဆက်လက်ပျိုးထောင် ထိန်းကျောင်းနိုင်ခြင်းနှင့် မိမိ၏ဘဝတိုးတက်စေမည့် နည်းလမ်းကောင်းများစွာကို စာကောင်းပေမွန်ဖတ်ရှုခြင်းဖြင့် ဆက်လက်ရှာဖွေနိုင်သည့် အလေ့အကျင့်ကောင်း ဖြစ်ထွန်းလာစေခြင်းတို့ ဖြစ်ပါသည်။

**"စတင်အကောင်အထည်ဖော်သင့်သည့်အချိန်"** မှာ **"လက်ရှိရောက်နေသည့် ပညာသင်နှစ်"** က စတင်သင့်ပါသည်ဟု မြင်မိပါသည်။ ဤသည်မှာ မိမိ၏ပုဂ္ဂလိကအမြင် စုဆောင်းလေ့လာထားမှုဖြစ်ပါသည်။ နိုင်ငံတော်၏ဘတ်ဂျက်မလိုဟုလည်း မြင်မိပါသည်။ ပညာရေးမှတာဝန်ရှိသူနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုသာ ပဓာနပါ။ အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုအတွက် ဒေသဆိုင်ရာ အာဏာပိုင်အဆင့်ဆင့် ကျောင်းသားမိဘ၊ ရပ်မိရပ်ဖတို့ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုပါလိမ့်မည်။ ပြည်သူ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုဖြင့်သာ အရာရာအောင်မြင်မှာမို့ပါ။

## စာဖတ်သည့်လူငယ်များသည် ဉာဏ်ရည်မြင့်သူများပါ

ဆရာကြီးမောင်ခင်မင် (ဓနုဖြူ) က **"စာဖတ်သူတို့တွင် စာထဲက အသိအမြင်များ ဝင်ရောက်ရာ တံခါးနှစ်ပေါက်ရှိသည်။ ဦးနှောက်နှင့် နှလုံးသား တံခါးတို့ဖြစ်ပါသည်။ ဦးနှောက်တံခါးမှ သိစရာ၊ မှတ်စရာ၊ ဗဟုသုတဖြစ်စရာအချက်အလက်များ ဝင်ရောက်ပါသည်။ နှလုံးသားတံခါးမှ စိတ်စေတနာနှင့် ကိုယ်ချင်းစာတရားများနိုးကြားစရာ၊ လူမှုရေးရာအဖြစ်အပျက်များ ဝင်ရောက်ပါသည်"** ဟုဆိုပါသည်။ ကလေးများ၏ ဦးနှောက်တံခါးနှင့် နှလုံးသားတံခါးကို ဟန်ချက်ညီညီ ဖွင့်နိုင်ရန်အတွက် မြန်မာ့ပညာရေးကို အကောင်အထည်ဖော်နေသည့် ဆရာဆရာမများ၏ တာဝန်ပင်ဖြစ်ပါသည်။

ကျောင်းစာထိခိုက်မှာဆိုး၍ မိဘများက အပြင်စာလုံးဝမဖတ်ခိုင်းခဲ့သော ကလေးများစွာ ရှိခဲ့သည်။ ထိုကလေးများသည် ကျောင်းစာကိုမူ အမိအရကျက်ကြသည်။ စာမေးပွဲတွင် ကျက်ထားသမျှ မကြွင်းမကျန်ပြန်ရေးသည်။ သို့သော် မေးခွန်းနှင့်လိုက်အောင် ကျက်ထားသည်များထဲက လိုသလောက်သာထုတ်ပြီး အကျိုးသင့် အကြောင်းသင့် ကိုယ်ပိုင်အရေးအသား ကိုယ့်အမြင်၊ ကိုယ့်အယူအဆများကို ပြန်လည်မရေးတတ်ကြပေ။ ကိုယ်စွမ်းကိုယ်စ ထုတ်သုံးနိုင်စွမ်းမရှိကြပေ။ ထုတ်သုံးနိုင်ရန်လည်း ဗဟုသုတဝမ်းစာမရှိခဲ့ပါ။ လေ့ကျင့်ပေးမှုလည်းမရှိ၊ မလေ့ကျင့်ခဲ့ပေ။ ပြင်ပဗဟုသုတနှင့် ရသစာပေများ မဖတ်ခဲ့ခြင်း၏ ဆိုးကျိုးရလဒ်ဖြစ်ကြောင်းကိုလည်း မသိခဲ့ကြပေ။ ကျောင်းစာနှင့် ပတ်သက်၍ သူတို့ဆီက ထူးခြားကောင်းမွန်သည့် အဖြေမျိုးမရတတ်၊ စာကိုအလွတ်ကျက်ပြီးမှ ပြန်ရေးတတ်သည့် အကျင့်ကြီးက စွဲနေ၍ အဆီအငေါ်မတည့်သည်များ ဖြစ်ကုန်သည်ဟု ဆရာကြီးက ဆိုပါသည်။ ကျောင်းစာလောက်သာကျက်၍ စာမေးပွဲရမှတ်ကောင်းသော်လည်း ဉာဏ်ရည်ဟောင်းလောင်းဖြင့် ဘွဲ့ရသွားကြပေသည်။

ကျောင်းစာပြင်ပမှ စာပေများကိုဖတ်သည့် လူငယ်များ တက္ကသိုလ်သို့ရောက်လာ၍ **"ကျောင်းစာ"** များကို ဆွေးနွေးရာတွင် အလွတ်ကျက်သူများထက် ချက်ကျ၊ လက်ကျ ကျိုးကြောင်းဆီလျော်စွာ ဆွေးနွေးနိုင်သည်။ စာဖတ်သည့် လူငယ်များသည် သူတို့အရွယ်များမှာ ရှိသင့်ရှိအပ်သော အသိပညာ ဉာဏ်ရည်မျိုးကို ပိုင်ဆိုင်ကြသည်။ မည်သည့် အသက်မွေးဝမ်းကျောင်းပညာရပ် (သို့) အထူးပြုဘာသာရပ်ဖြင့် တက္ကသိုလ်တွင် သင်ကြားသည်ဖြစ်စေ စာများများဖတ်ထားသည့်ကျောင်းသားက ကျောင်းစာသက်သက်လောက်သာ ဖတ်သူထက် ဉာဏ်ရည်နှင့် အသိအမြင်ဗဟုသုတ ပိုသာမြဲဖြစ်သည်။ သူတို့ဖတ်သောစာများတွင် ဝတ္ထု၊ ကဗျာ၊ အတ္ထုပ္ပတ္တိနှင့် နီတိ (လူ့ကျင့်ဝတ်) စသည့် ရသစာများပါဝင်ပေသည်။ သုတစာပေများလည်း ပါဝင်ပါသည်။

ရသစာပေက သူတို့ကို ကြည်နူးစေမှု၊ အားကျစေမှု၊ အတုယူနိုင်မှု အရသာကိုပေး၏၊ ထိုအရသာနှင့်အတူ လူတို့အကြောင်း၊ လူ့လောက၊ လူ့အဖွဲ့အစည်းအကြောင်း၊ သတိပြုမိအောင်၊ လူများနှင့် အတူနေတတ်အောင်သင်ပေး၏။ နီတိက လူ့တန်ဖိုးကို မြင့်အောင် စေ့ဆော်ပေး၏။ သုတစာပေက သူတို့၏ အသိပညာကို မြင့်မားစေနိုင်သည်။ စာဖတ်ခလေ့ကြောင့် သူတို့၏ အနာဂတ်လုပ်ငန်းခွင်ကိုလည်း တိုးတက်စေနိုင်သည်။ စာဖတ်ယဉ်ကျေးမှုကို မြတ်နိုးခုံမင်မှုကြောင့် ရလာသောမြင့်မားသည့် သုတ၊ ရသနှင့် ကျင့်ကြံလိုက်နာသည့် လူ့ကျင့်ဝတ်များကြောင့် သူတို့တစ်တွေသည် အောင်မြင်ကျော်ကြားသူများ ဖြစ်လာနိုင်ကြသည်။ တချို့က လူ့ဘောင်အသိုင်းအဝိုင်းကောင်းကျိုးကိုသာ စွမ်းစွမ်းတမံ သယ်ပိုးသူ(သို့) အောင်မြင်သူများထက် မြင့်မားသည့် **"တန်ဖိုးမြင့်လူသား"** ဘဝကို တက်လှမ်းနိုင်လိမ့်မည်ဟု မြင်မိပါသည်။

## အောင်မြင်ကျော်ကြားခေါင်းဆောင်တိုင်းသည် စာဖတ်သူများပါ

ကမ္ဘာတစ်လွှား ပေါ်ထွန်းခဲ့ကြသည့် ခေါင်းဆောင်ကောင်းများသည် စာဖတ်နာကြသူများပါ။ ဥပမာအားဖြင့် ယနေ့ထိ အမေရိကန်သမ္မတများထဲတွင် အအောင်မြင်ဆုံးနံပါတ် (၂) စာရင်းတွင် ရှိနေသည့် အေဗရာဟင်လင်ကွန်း (ပထမနေရာတွင် လွတ်လပ်ရေးဖခင်ကြီး ဂျော့ဝါရှင်တန်) သည် အင်မတန်ဆင်းရဲနွမ်းပါးသော သစ်ခုတ်၊ လယ်လုပ်သည့် တောတွင်းမိသားစုမှ ဆင်းသက်လာခဲ့သည်။ စာရေးစာဖတ် တစ်နှစ်လောက်သာသင်ခဲ့ရသည်။ စာဖတ်ဝါသနာပါ၍ စာအုပ်ငှားဖတ်သည်။ စာအုပ်ဈေးကြီးသောခေတ်တွင် သစ်သားပြားပေါ်ရေးမှတ်ထားသည်။ သစ်သားမည်းသွားသောအခါ ရွှေပေါ်ထိုး၍ ပြန်ဖတ်ရသည်။ သစ်ပင်ကိုခြေနှင့်ကန်ထောက်ကာ ကျောခင်းပြီး စာဖတ်သည်၊ နေပူလာလျှင် နေရာရွှေ့ဖတ်သည်။ စာဖတ်အားကောင်းသဖြင့် ဥပဒေကို လေ့လာရာမှ ရှေ့နေဖြစ်လာသည်။ ယနေ့အခါတွင် နှောင်းခေတ်သမ္မတတချို့က အခက်အခဲရင်ဆိုင်ရလေတိုင်း အိမ်ဖြူတော်ရှိ သမ္မတလင်ကွန်းဓာတ်ပုံရှေ့တွင်ရပ်ပြီး **"သမ္မတကြီးသာဆိုရင် ယခုပြဿနာကို ဘယ်လိုဖြေရှင်းပါမလဲခင်ဗျာ"** ဟု တလေးတစား မေးပြီး ဦးညွှတ်ကြပါသတဲ့။ **"စာဖတ်အားကောင်းသည့် အထုံပါရမီက တောတွင်းသားလေး "လင်ကွန်း" ကို အမေရိကန်နိုင်ငံရဲ့ ယနေ့ထိ ဒုတိယလေးစားသည့် သမ္မတဘဝ"** ဆီ တွန်းပို့ပေးခဲ့သည်။

အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဓီသည်လည်း အလွန်စာဖတ်သူဖြစ်၏။ မြန်မာ့သမိုင်းတွင် မိတ္ထီလာနယ်မှ လယ်သမား **"ညို"** ကို မင်းလေးပါး၏ ကိုးကွယ်ခံမင်းဆရာ **"ဝန်ဇင်းမင်းရာဇာ"** ဘဝဆီသို့ လည်းကောင်း၊ **စာမျက်နှာ ၇ သို့** ❐

**"တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်၏ "စာဖတ်ချိန်မရှိအောင်၊ အောင်မြင်ဖို့ကြိုးစားနေပါတယ်ဆိုတဲ့သူတွေဟာ ဘယ်တော့မှ အောင်မြင်တဲ့သူတွေဖြစ်လာမှာ မဟုတ်ပါဘူး" ဆိုသည့် စာဖတ်ပျင်း၍ လူ့အရည်အသွေးညံ့ဖျင်းလာကြသူများ၏ နောက်ဆက်တွဲရလဒ်ဖြစ်သည့် ပြောသမျှယုံ၊ အမှားနှင့်အမှန် အကောင်းနှင့်အဆိုး၊ ဓမ္မနှင့်အဓမ္မ ခွဲခြားနိုင်မှုအားနည်းပြီး ကိုယ်ချင်းစာနာမှုလည်းကင်းဝေးကာ ကျောင်းစာလောက်သာ သိတာတတ်တာလောက်ကို အဟုတ်ထင်နေသည့် လူပိန်းလူညံ့များ မြန်မာ့မြေပေါ်မှ ပျောက်ကွယ်သွားပါလိမ့်မည်"**

# အမျိုးသားအဆင့် ရွှေဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသားအဆင့် ရွှေဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရွှေဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေ လွှမ်းခြုံမှုနှင့်ပတ်သက်၍၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် အသက်ခြောက်လမှ ရှစ်နှစ်အရွယ်အထိ၃၅ဒသမ၂၄ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့အနက် အသက်သုံးနှစ်မှ ငါးနှစ်အထိ ၂၂ ဒသမ ၄၄ ရာခိုင်နှုန်းရှိပြီး အသက်ခြောက်နှစ်မှ ရှစ်နှစ်အထိ ၈၃ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြို့နယ်တစ်မြို့နယ်တွင် စံပြမူလတန်းကြိုကျောင်းတစ်ကျောင်း ရှိရန်လိုအပ်သောကြောင့် ဆောက်လုပ်ရန်စီမံကိန်းကို ထည့်သွင်းရေးဆွဲထားကြောင်း၊ ရွှေဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့၏ "ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ"ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် ကောက်ခံရမည့် အခကြေးငွေများ အတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များအနေဖြင့်လည်း ထုတ်ပြန်ထားပြီးဖြစ်သည့် ဘဏ္ဍာရေးလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရွှေဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များက ရွှေဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများ ကိုယ်စား လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးက နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးကဏ္ဍဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဂါရဝပြု ချီးမြှင့်ရန်အတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ဇန်နဝါရီ ၈ ရက် နံနက်၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (အမှတ် ၃၉၂/၃၉၆)ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ကောင်စီဒုတိယဥက္ကဋ္ဌ (၁) နှင့်ဒုတိယဥက္ကဋ္ဌ (၂)တို့က လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ကောင်စီဝင်များက ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးမစတင်မီ သက်ကြီးသတင်းစာပညာရှင်ကြီးများ ဂါရဝပြုချီးမြှင့်ခြင်း အစီအစဉ်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ၂၄ သိန်း၊ ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော် မိသားစုက ငွေကျပ် ၁၂ သိန်းနှင့် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး **(ယာပုံ)**က ငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းရာ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူသည်။




သတင်းစာပညာရှင်ကြီးများအား ဇန်နဝါရီ ၁၁ ရက် နှင့် ၁၂ ရက်တို့တွင် ကောင်စီဝင်များက အိမ်တိုင်ရာရောက် ဂါရဝပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❐ စာမျက်နှာ ၆ မှ

စာဖတ်လွန်းသည့် မောင်အောင်ဆန်းနှင့် မောင်နုတို့လို တက္ကသိုလ်ကျောင်းသားများကို လွတ်လပ်ရေးဖခင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင် လွတ်လပ်ရေး မော်ကွန်းဝင်ခေါင်းဆောင်များဆီသို့ ထို့အတူ စာပေပါရမီရင့်သည့် ကျောင်းဆရာနှင့် အစိုးရအဖွဲ့အတွင်းဝန် ပန်းတနော်သား မောင်သန့်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သက်တမ်း နှစ်ကြိမ်၊ ၁၀ နှစ် ထမ်းဆောင်ခဲ့သည့် **"ကမ္ဘာ့ခေါင်းဆောင် မြန်မာ့ဦးသန့်"** ဟူသည့် မြန်မာ့သားကောင်းတစ်ဦးအဖြစ်သို့နှင့် စာဖတ်နေရမှ ဘဝပြည့်စုံသည်ဟုခံယူ၍ အလုပ်တွေများသည့်ကြားမှ စာဖတ်နေသည့် ကမ္ဘာကျော် **"မိုက်ခရိုဆော့"** ကုမ္ပဏီသူဌေးကြီး ဘီလ်ဂိတ် အပါအဝင် ယနေ့အောင်မြင်နေကြသည့် လူကြီးလူငယ်များက သက်သေခံနေပါသည်။ သူတို့လက်ဆင်ပေးသည့် အဖိုးတန်ရတနာကတော့ ကြီးပွားချင်၊ အောင်မြင်ချင်၊ လောကခံကို ရင်ဆိုင်ကျော်လွှားလိုလျှင် ဉာဏ်ရည်မြင့်အောင် "စာဖတ်ကြပါ"၊ အောင်မြင်မှုသရဖူကို မပြုတ်ဆက်ထိန်းလိုလျှင် **"စာဖတ်သည့်ယဉ်ကျေးမှုမှာ ပျော်မွေ့ပါ"** ဟု ဆိုသည့် သင်ခန်းစာပါ။

## စာဖတ်ခြင်းမှသည် ဉာဏ်ရည်မြင့်လူသားဆီသို့

အထက်ဖော်ပြပါ စာဖတ်ပါရမီကြီးကြသူများ၏ အားသာချက်၊ ဉာဏ်ရည်ဉာဏ်သွေးများသည် **"နှုတ်မှုနှင့် ဘာသာစကားစွမ်းရည် လိမ္မာကျွမ်းကျင်မှု"** သက်သက်သာ ဖွံ့ဖြိုးလာရုံမကပါ။ **"လူမှုဆက်ဆံရေး" "ကျိုးကြောင်းဆက်စပ်နိုင်မှု" "မိမိကိုယ်ကို ရှုမြင်သုံးသပ်နိုင်မှု" "အမြင်နှင့် ခံစားချက်ကို ပြန်လည်ပုံဖော်နိုင်မှု"** စသည့် ဉာဏ်ရည်များကိုပါ ကျွဲကူးရေပါ မြင့်မားလာစေသည်၊ ဖွံ့ဖြိုးစေပါသည်။ သို့ပါ၍ သူတို့အောင်မြင်မှုသရဖူကို ဆက်ထိန်းနေကြသည်။ ခြုံ၍ပြောရလျှင် ဉာဏ်ရည် (ဉာဏဗလ) ကိုဖွံ့ဖြိုးစေသည့် စာဖတ်ခြင်းကြောင့် လူသားသည်-

(က) အသိကြွယ်ခြင်းနှင့် ဗဟုသုတများခြင်းကြောင့် မိမိအနာဂတ်အတွက် ခိုင်မာသည့် ဆုံးဖြတ်ချက်ချနိုင်ခြင်း၊

(ခ) သူများအပြောမှာ အဆုံးမသတ်၊ စဉ်းစားတွေးခေါ် သုံးသပ်နိုင်မှုစွမ်းရည်မြင့်မားလာစေခြင်း၊

(ဂ) စာပေတွင်ပါဝင်သည့် အခြားသူများထံမှ အတွေ့အကြုံကိုရယူ၍ မိမိနှင့် လူ့အဖွဲ့အစည်းအောင်မြင်မှုတွင် အသုံးချနိုင်ခြင်း၊

(ဃ) စိတ်ထားနူးညံ့သိမ်မွေ့လာပြီး လူမှုဆက်ဆံရေးကောင်းမွန်ခြင်း၊

(င) အာရုံစူးစိုက်သည့် အလေ့အကျင့်ဖြစ်ထွန်းလာခြင်း၊

(စ) စိတ်ကူးစိတ်သန်းကောင်း၍ ဖန်တီးနိုင်မှုစွမ်းရည်မြင့်မားလာခြင်း၊ ဦးနှောက်ကို ပိုမိုထက်မြက်အောင် လှုံ့ဆော်ပေးနိုင်ခြင်း၊

(ဆ) တော်သလောက် ဖြူစင်စိတ်ထားပြည့်ဝသည့် လူကောင်းတစ်ဦးအနေဖြင့် ပြည့်ဝသည့်ဘဝကို ဖြတ်သန်းရှင်သန်နိုင်ခြင်း၊

(ဇ) နေ့စဉ် လူမှုဘဝပြဿနာများကို အေးအေးချမ်းချမ်း ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်မြင့်မားလာ၍ ဘဝတိုးတက်အောင်မြင်လာခြင်း

(ဈ) စိတ်ဖိစီးမှုကို လျှော့ချနိုင်၍ မိမိကိုယ်ကိုယုံကြည်မှုစွမ်းအား မြင့်မားလာခြင်း

- - - စသည့် အရည်အသွေးများကို ပိုင်ဆိုင်လာပါသည်။ စာဖတ်ခြင်းသည် သာမန်အဆင့် လူသားတစ်ဦးကို **"ဉာဏ်ရည်မြင့်လူသားဘဝ"** ဆီသို့ တွန်းပို့ပေးစေပါသည်ဟု ပညာရှင်များက လက်ခံထားကြသည်။ သူများထက်သာလွန်သည့် ဉာဏ်ရည်မြင့်လူသားဖြစ်လိုလျှင် **"စာဖတ်ခြင်းကို အထုံပါရမီဖြစ်အောင် လေ့ကျင့်"** ပါဟု ဆိုလိုခြင်းဖြစ်ပေသည်။

အချုပ်အားဖြင့် ပညာရေးသည် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်ကို ဉာဏ်ရည် (ဉာဏဗလ) မြင့်မားသည့် လူကောင်း၊ လူတော်ဖြစ်ရန် လေ့ကျင့်ပေးသည့်လုပ်ငန်းဖြစ်၍ ပညာရေးက သမိုင်းစဉ်ဆက်လေ့ကျင့်ပေးခဲ့သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ တော်သလောက်ကောင်းသူများ မွေးထုတ်နိုင်ရန်အတွက် ကျောင်းများတွင် စာဖတ်သည့်ယဉ်ကျေးမှုထွန်းကားပြီး **"ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းပြည့်ဝစေနိုင်သည့် စာများများဖတ်သူများ အစဉ်ပေါ်ထွန်းနေစေရန်"** တစ်နည်းအားဖြင့် **"ဉာဏ်ရည်မြင့်နိုင်ငံသားများ"** ပြည့်လျှမ်းလာစေရန်ဟူသည့် မြင့်မားသည့် မျှော်မှန်းချက်ဖြင့် မြန်မာ့ပညာရေးက မဖြစ်မနေလေ့ကျင့်ပေးရန် လိုအပ်နေပါပြီ။

ဆောင်းပါးအစတွင် ညွှန်းခဲ့သည့် တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်၏ **"စာဖတ်ချိန်မရှိအောင်၊ အောင်မြင်ဖို့ကြိုးစားနေပါတယ် ဆိုတဲ့သူတွေဟာ ဘယ်တော့မှ အောင်မြင်တဲ့သူတွေဖြစ်လာမှာ မဟုတ်ပါဘူး"** ဆိုသည့် စာဖတ်ပျင်း၍ လူ့အရည်အသွေးညံ့ဖျင်းလာကြသူများ၏ နောက်ဆက်တွဲရလဒ်ဖြစ်သည့် ပြောသမျှယုံ၊ အမှားနှင့်အမှန် အကောင်းနှင့်အဆိုး၊ ဓမ္မနှင့်အဓမ္မ ခွဲခြားနိုင်မှု အားနည်းပြီး ကိုယ်ချင်းစာနာမှုလည်း ကင်းဝေးကာ ကျောင်းစာလောက်သာ သိတာတတ်တာလောက်ကို အဟုတ်ထင်နေသည့် လူပိန်းလူညံ့များ မြန်မာ့မြေပေါ်မှ ပျောက်ကွယ်သွားပါလိမ့်မည်။ မြန်မာ့ပညာရေးသည် မျိုးဆက်တိုင်း ကျောင်းကထွက်သွားလျှင် **"စာဖတ်ပါရမီ"** ရင့်သန်ကာ မိမိကိုယ်ကို အမြဲတမ်းဖြည့်ဆည်းနေသည့် ပြည့်ဝနိုင်ငံသားများပေါ်ထွန်းလာအောင် လေ့ကျင့်ပေးရန် လိုအပ်ပါလိမ့်မည်။

မြင့်မားသည့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့်ပညာရေးဖြစ်လာကာ ဆောင်းပါးတစ်နေရာမှာ မြန်မာ့သားကောင်း ဦးသန့်၏ အမြဲခေတ်ရှေ့ပြေးစကားဖြစ်သည့် **"စာဖတ်လို့ ဖွံ့ဖြိုးသည့် မြန်မာ့လူ့အဖွဲ့အစည်း၊ ဆက်လက်ဖွံ့ဖြိုးမှုအရှိန်ကို မြှင့်တင်ရန် စာဖတ်မှုပါရမီဖြည့်နေသော နိုင်ငံသားများဖြင့် ပြည့်လျှမ်းနေသည့် နိုင်ငံတော်ဘဝ"** ကို ကျွန်တော်တို့ ရောက်ကြမှာပါ။ ထိုဘဝရောက်ရှိစေရန် **"မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် စာဖတ်သည့် အလေ့အကျင့်ကောင်းကို မြန်မာ့စာသင်ကျောင်းတွေက "စာဖတ်ယဉ်ကျေးမှု"အဆင့်ရောက်သည်အထိ လေ့ကျင့်ပေးနိုင်ပါမှ နိုင်ငံဖွံ့ဖြိုးမည်"** ဟူသည့် **"မြင့်မားသည့် ပညာရေးရည်မှန်းချက်"** ဖြင့် ယနေ့မြန်မာ့ပညာရေးက မဖြစ်မနေ လေ့ကျင့်အကောင်အထည်ဖော်ပေးရန် လိုအပ်နေပါပြီ။

ကျွန်တော်တို့၏ ပညာရေးသည် **"ရမှတ်ကောင်းကောင်း ဉာဏ်ရည်ဟောင်းလောင်း"** မျိုးဆက်များလောက်သာ လေ့ကျင့်ပေးသည့်ဘဝက လွတ်မြောက်ပြီး **"ဉာဏ်ရည်မြင့်လို့ ပွဲလယ်တင့်ကြသည့် နိုင်ငံသားများ"** လေ့ကျင့်ပျိုးထောင်ပေးသည့် နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ်တွင် ခေါင်းမော့ရင်ကော့ပြီး လျှောက်လှမ်းနိုင်သော **"မြင့်မားသည့် မြန်မာ့ပညာရေး"** ဖြစ်လာလိမ့်မည်ဟု ယုံကြည်မိပါသဖြင့် အကြံပြုရေးသားလိုက်ရပါသည်။ ။

# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိသြတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့်ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | “ကျွန်တော့နှလုံးသားထက်မှာ လိပ်ပြာတစ်ကောင် ခိုနားနေသည်” | Aung Khant | - ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်) ၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉ လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-စလမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ခ) | “1500 Miles to You” | Mahuyar | -ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်) ၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊အခန်း-၄၀၁၊ အေးရိပ်မွန်-စလမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဂ) | “အမုန်းနဲ့ပျိုးတဲ့ ချစ်ခြင်းအလင်္ကာ” | Mahuyar | - ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်) ၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | -အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-စလမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဃ) | “မေတ္တာနှောင်သီ ချစ်ကြိုးချည်” | မြမိုရ် | - ဒေါ်အေးမြတ်မွန် ၉/ကပတ(နိုင်) ၁၉၉၇၀၅ (Yangon Printing Service)(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်ချိုဇင်သဲ ၁၂/ဒလန(နိုင်) ၀၇၅၇၅၅ (Maple စာအုပ်တိုက် - ၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလှျံဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (c) | “Match Made in Clouds” | DIDI ZAW | -ဒေါ်အေးမြတ်မွန် ၉/ကပတ(နိုင်) ၁၉၉၇၀၅ (Yangon Printing Service) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်ချိုဇင်သဲ ၁၂/ဒလန(နိုင်) ၀၇၅၇၅၅ (Maple စာအုပ်တိုက် - ၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလှျံဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (စ) | “DISO”+Extra | RED IN PEACE | -ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဆ) | “သက်ဆိုင်သူ ဦးဝေ” | Vi Vian | - ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ၎င်းတို့၏ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီတရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကို ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၈**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ ပထမဆုရ “စောပုလဲမယ်”ရေးသားသည့် “ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ” စာအုပ်ကို ၂၀၂၅ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**တစ်လေ့တည်းစီး
တစ်ခရီးတည်းသွား
တစ်စိတ်တည်းတစ်ဝမ်းတည်း
မကွဲပြားပြည်ထောင်စုရဲ့ နှလုံးသား**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၈**

ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၉ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဧည့်သည်တော်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





## ကျိုင်းတုံမြို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်က အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထိမ်းအမှတ်နေ့များအလိုက် ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက တေးသီချင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသရုပ်ဖော်များဖြင့် ဖြေဖျော်တင်ဆက်ကြရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မကွေးမြို့နယ်၌ တိုင်းရင်းသားရေးရာနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော

**မကွေး ဇန်နဝါရီ ၈**

မကွေးတိုင်း ဒေသကြီး တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှကြီးမှူး၍ တိုင်းရင်းသားရေးရာနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၇ ရက်က မကွေးမြို့နယ် ကန်ပြားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်က အမှာစကား ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်နှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ရေး၊ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာများ၊ ကလေးအလုပ်သမား ဆိုင်ရာ ဥပဒေ၊ ကလေးသူငယ်များ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အသိပညာပေး ဟောပြောခဲ့ပြီး ဉာဏ်စမ်းမေးခွန်းများဖြေဆို၍ ဆုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ကန်ပြားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ် စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေသိမှတ်ဖွယ်ရာ စာအုပ်များနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက တိုင်းရင်းသားရေးရာနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၈**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားစေသည့် Human metapneumovirus (HMPV) ဗိုင်းရပ်စ်ပိုးအကြောင်း သိကောင်းစရာ

ဒေါက်တာသန်းနိုင်စိုး

**၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်သို့ အကူးအပြောင်းနှစ်သစ်ကူးကာလတွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ဖြစ်ပွားစေတတ်သော Human metapneumovirus (HMPV) ဗိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြလျက်ရှိသည်ကိုတွေ့ရပါသည်။**


အဆိုပါ ဗိုင်းရပ်စ်ပိုးအပါအဝင် ရာသီတုပ်ကွေးရောဂါကဲ့သို့ အဏုဇီဝရောဂါပိုးများကြောင့် ဖြစ်ပွားသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကာကွယ်ရေးနှင့် ပတ်သက်သည့် အချက်အလက်များကို မိဘပြည်သူများအနေဖြင့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ကြစေရေးအတွက် ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါသည်။

Human metapneumovirus (HMPV) ဗိုင်းရပ်စ်ကို ၂၀၀၁ ခုနှစ်၌ နယ်သာလန်နိုင်ငံရှိ ကလေးငယ် ၂၈ ဦးတွင် သုတေသနပညာရှင် Bernadette G. van den Hoogen နှင့်အဖွဲ့က စတင်တွေ့ရှိခဲ့ပြီး အဆိုပါဗိုင်းရပ်စ်ပိုးသည် ရာသီတုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးများနှင့် အသက်ရှူလမ်းကြောင်းရောဂါ ဖြစ်ပွားတတ်စေသည့် (Respiratory Syncytial Virus – RSV) ဗိုင်းရပ်စ်ပိုးတို့ကဲ့သို့ ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ ဆောင်းရာသီကာလတွင် ဖြစ်ပွားမှုများပြားလေ့ရှိပါသည်။

**အသစ်ဖြစ်ပေါ်လာသည့်**
**ဗိုင်းရပ်စ်ပိုး တစ်ခုမဟုတ်**

HMPV ဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ဆောင်ရွက်သည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးများအား စစ်ဆေးခဲ့သည့် သုတေသနတွေ့ရှိချက်အရ HMPV ရောဂါပိုးဖြစ်ပွားမှုရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသဖြင့် အဆိုပါ ဗိုင်းရပ်စ်ပိုးသည် ကိုဗစ်–၁၉ ရောဂါဗိုင်းရပ်စ်ပိုးကဲ့သို့ အသစ်ဖြစ်ပေါ်လာသည့် ဗိုင်းရပ်စ်ပိုး အမျိုးအစားသစ် (novel virus) တစ်ခုမဟုတ်ကြောင်း တွေ့ရပါသည်။

လက်ရှိအချိန်၌ နိုင်ငံတကာမီဒီယာများတွင် HMPV ရောဂါပိုးကူးစက်ဖြစ်ပွားမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းဖြစ်ပွားမှု များပြားလျက်ရှိသည်ဟု ဖော်ပြလျက်ရှိသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (Chinese Center for Disease Control and Prevention – China CDC) မှ ရရှိသော သတင်းအချက်အလက်များအရ တရုတ်




၂၀၀၁ ခုနှစ်၌ ကလေးငယ်များတွင် စတင်တွေ့ရှိခဲ့သည့် Human metapneumovirus (HMPV) ဗိုင်းရပ်စ်တည်ဆောက်ပုံ။ (Source: Internet)

ပြည်သူ့သမ္မတနိုင်ငံတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုသည် ဆောင်းရာသီဖြစ်၍ နှစ်စဉ်ရောဂါဖြစ်ပွားမှုပုံစံအတိုင်း မြင့်တက်ခြင်းသာဖြစ်ပြီး HMPV ဗိုင်းရပ်စ်ကြောင့် အသက်ရှူလမ်းကြောင်းရောဂါ ဖြစ်ပွားမှုအခြေအနေကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာထားရှိခြင်းမရှိကြောင်း သိရပါသည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယခုနှစ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ရောဂါဖြစ်ပွားမှု အရေအတွက်အရသော်လည်းကောင်း၊ ရောဂါပြင်းထန်မှု အရသော်လည်းကောင်း လျော့နည်းကြောင်း သိရသည်။

HMPV ဗိုင်းရပ်စ်ပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ်ကျဆင်းနေသူများတွင် ပိုမိုကူးစက်ဖြစ်ပွား၍ ၎င်းတို့တွင် ရောဂါပိုမိုပြင်းထန်နိုင်ခြေရှိပါသည်။ သို့ရာတွင် ရောဂါပိုးကြောင့် သေဆုံးမှုနှုန်းမှာ အသက်ရှူလမ်းကြောင်းရောဂါများကြောင့် သေဆုံးမှုများ အားလုံး၏ တစ်ရာခိုင်နှုန်းအောက်တွင်သာရှိကြောင်း သိရသည်။

HMPV ရောဂါပိုးသည် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးတို့ကဲ့သို့ ချောင်းဆိုးခြင်း၊ နှာချေခြင်းမှထွက်ရှိသည့် အစက်အမှုန်များမှတစ်ဆင့် ကူးစက်ခြင်း (Droplet transmission)၊ ရောဂါကူးစက်ခံစားနေရသူနှင့် ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်း အစရှိသော အနီးကပ်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသည့် အရာဝတ္ထုအသုံးအဆောင်ပစ္စည်းများနှင့် မျက်နှာပြင်များမှတစ်ဆင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့အား ထိတွေ့ခြင်းတို့မှ ကူးစက်နိုင်ပါသည်။

ရောဂါပျိုးရက်မှာ သုံးရက်မှ ခြောက်ရက်အထိဖြစ်ပြီး ရောဂါလက္ခဏာများအနေဖြင့် ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာပိတ်ခြင်း၊ အသက်ရှူကျပ်ခြင်းများ ခံစားရလေ့ရှိပြီး ရောဂါကူးစက်ခံရသူအများစုသည် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်သည့်အချိန်မှ စတင်၍ သုံးရက်မှ ၁၀ ရက်အတွင်း ပြန်လည်သက်သာကောင်းမွန်လေ့ရှိပါသည်။ ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပါက အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကဲ့သို့ လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်းများ ခံစားရနိုင်ပါသည်။ ထို့ပြင် ရောဂါကြောင့် အချို့ကလေးငယ်များတွင် ဝမ်းလျှောခြင်း၊ အန်ခြင်း၊ အနီစက်ထွက်ခြင်း၊ အဖျားကြီး၍တက်ခြင်း အစရှိသည်တို့ ခံစားရနိုင်ပါသည်။

**ကာကွယ်ဆေးများမရှိသေး**

HMPV ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် Nucleic Acid Amplification Test (NAAT) ဖြင့် ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇ(Virus genome) ကို စစ်ဆေးခြင်းနှင့် Immunofluorescence or Enzyme Immunoassay ဖြင့် ဗိုင်းရပ်စ်(Virus Antigen ) ကို စစ်ဆေးခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။

လတ်တလောတွင် HMPV ဗိုင်းရပ်စ်ပိုးအတွက် ထိရောက်သည့် ဗိုင်းရပ်စ်ပိုးကိုရှင်းလင်းနိုင်သည့် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများနှင့် ကာကွယ်ဆေးများမရှိသေးဘဲ ရောဂါလက္ခဏာများကို သက်သာစေသည့် ဆေးကုသမှုများသာ ဆောင်ရွက်နိုင်ကြောင်း သိရပါသည်။

ရောဂါကာကွယ်ရေးနည်းလမ်းများအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုး၊ ကိုဗစ်–၁၉ ရောဂါပိုးတို့ကို ကာကွယ်သည်နှင့် အလားတူ ရောဂါကာကွယ်ရေး နည်းလမ်းများဖြစ်သည့် အများပြည်သူအသုံးပြုသည့်နေရာများရှိ မျက်နှာပြင်များကို ထိတွေ့ပြီးသည့်အခါတိုင်း၊ အခြားသူများနှင့် မဖြစ်မနေ လက်ဆွဲနှုတ်ဆက်ပြီးသည့်အခါတိုင်းတွင် လက်ကိုဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် ၂၀ ကြာ စနစ်တကျဆေးကြောခြင်း သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြုခြင်း၊ ရောဂါလက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာပိတ်ခြင်း စသူများနှင့် ခပ်ခွာခွာနေခြင်း၊ ရောဂါလက္ခဏာ တစ်ခုခုရှိသူတို့အနေဖြင့် လူထူထပ်သည့်နေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် စာမျက်နှာ ၁၁ သို့ ❂

**HMPV ဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ဆောင်ရွက်သည့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကိုဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးများအား စစ်ဆေးခဲ့သည့် သုတေသနတွေ့ရှိချက်အရ HMPV ရောဂါပိုးဖြစ်ပွားမှုရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသဖြင့် အဆိုပါ ဗိုင်းရပ်စ်ပိုးသည် ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ပိုးကဲ့သို့ အသစ်ဖြစ်ပေါ်လာသည့် ဗိုင်းရပ်စ်ပိုးအမျိုးအစားသစ် (novel virus) တစ်ခုမဟုတ်ကြောင်း တွေ့ရ**




၂၀၀၁ ခုနှစ်၌ ကလေးငယ်များတွင် စတင်တွေ့ရှိခဲ့သည့် Human metapneumovirus (HMPV) ဗိုင်းရပ်စ်ကို အီလက်ထရွန်မိုက်ကရိုစကုပ်ဖြင့် တွေ့မြင်ရစဉ်။

# (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အလွတ်တန်း (ကျား/မ) မီနီမာရသွန်အပြေးပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်စီမံမှုဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇)နှစ်မြောက် ကချင်ပြည်နယ် နေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်း(ကျား/မ) မီနီမာရသွန်အပြေးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်း ရှေ့ သခင်နက်ဖေလမ်းပေါ်၌ စတင်တာလွှတ် သည်။

**သေနတ်ပစ်ဖောက်တာလွှတ်ပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြိုင်ပွဲဝင်အားကစားသမား ၈၀၀ ကျော် တက်ရောက် ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲစတင်နိုင်ရန် သေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက အပြေးပြိုင်ပွဲတွင် အဆင့်(၁) မှ (၂၀)အထိ ပန်းဝင်ကြသည့် ပြိုင်ပွဲဝင်အမျိုးသား များအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး နှင့် ပြည်နယ်ဝန်ကြီးများ၏ဇနီးများက ပြိုင်ပွဲတွင် အဆင့်(၁)မှ (၂၀)အထိ ပန်းဝင်ကြသည့် ပြိုင်ပွဲဝင် အမျိုးသမီးများအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေ များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ပဲခူးမြို့၌ သစ်လွင်သူနာပြုများ လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

**ပဲခူး ဇန်နဝါရီ ၈**

ပဲခူးမြို့ သားဖွားသင်တန်းကျောင်း သင်တန်းခန်းမ၌ ဇန်နဝါရီ ၇ ရက်က ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနက ပြည်သူ့ဆက်ဆံရေး ကဏ္ဍတိုးတက်ကောင်းမွန်စေရေးအတွက် သစ်လွင်သူနာပြုများ လုပ်ငန်းခွင်အကြို သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

**ပြုစုစောင့်ရှောက်ကြရန်လို**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်းက မိမိတို့ တာဝန်ကျသည့်နေရာဒေသများတွင် ပြည်သူများအပေါ် စေတနာ အရင်းခံထားပြီး မိမိတို့၏သွေးသားရင်းများသဖွယ် ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ပြုစုစောင့်ရှောက်ပေးကြရန်လိုကြောင်း၊ သူနာပြုများ၏ အဓိကတာဝန်မှာ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်းဖြစ်သော ကြောင့် မည်သည့်အခြေအနေမျိုးတွင်မဆို လူနာများကိုပစ်ပယ်ထားခြင်း မပြုဘဲ ပြုစုစောင့်ရှောက်ကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသစ်လွင်သူနာပြုများ လုပ်ငန်းခွင်အကြိုသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၇၈ ဦး တက်ရောက်လျက်ရှိပြီး ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ချောင်းဦးမြို့၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး


**ချောင်းဦး ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်း ဒေသကြီး ချောင်းဦးမြို့ ပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့က မွေးကင်းစမှ အသက်တစ်နှစ်ခွဲ ကလေးငယ် များအား ကာကွယ်ဆေးထိုးနှံပေး ကာ ကိုယ်ဝန်ဆောင်မိခင်များ အား ကျန်းမာရေးစစ်ဆေး၍ မေးခိုင်ကာကွယ်ဆေးများ ထိုးနှံ ပေးခဲ့သည်။

ချောင်းဦးမြို့၌ ကလေးငယ်များ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်း ကို ၂၀၂၂ ခုနှစ် နှစ်ဦးပိုင်းမှ စတင်ပြီး မြို့နယ်ဆရာဝန် ဒေါက်တာကျော်နိုင်နှင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန သားဖွား ဆရာမများ၊ ကြီးကြပ်-၂ များက ဆောင်ရွက်ခဲ့သည်။ ဘီစီဂျီ၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဝက်သက်ဂျိုက်သိုး၊ ငါးမျိုးစပ် ကာကွယ်ဆေးများကို ယမန်နေ့ နံနက်ပိုင်းက ကလေးငယ် ၃၅၅ဦး တို့အား ထိုးနှံပေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၂၉ ဦးအား ကျန်းမာရေးစစ်ဆေး၍ ကိုယ်ဝန် ဆောင်အားဆေးများ ပေးပြီး မေးခိုင်ကာကွယ်ဆေးများ ထိုးနှံ ပေးသည်။

ချောင်းဦးမြို့၌ မွေးကင်းစမှ တစ်နှစ်ခွဲအရွယ်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ထိုးနှံပေးနေသည့် ကာကွယ် ဆေးထိုးလုပ်ငန်းကို ချောင်းဦးမြို့ ပြည်သူ့ဆေးရုံကြီး၌ လစဉ် လဆန်း ၇ ရက်နှင့် ၂၁ ရက်တို့တွင် ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်ဆက်)**



# ပခုက္ကူမြို့၌ မွေးကင်းစကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**ပခုက္ကူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ မွေးကင်းစကလေးငယ်များ ကို ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန်



ရည်ရွယ်၍ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို လစဉ်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဒုတိယ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းသူရမြင့် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ ဒေသန္တရကျန်းမာရေး ဌာနခွဲ(၁)နှင့်(၂)တို့၌ မွေးကင်းစမှ အသက် ၁၈ လအတွင်း ကလေးငယ် များအား ဘီစီဂျီ၊ ပိုလီယို၊ ဝက်သက်-ဂျိုက်သိုး၊ ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)နှင့် ဦးနှောက်အမြှေးရောင်ရောဂါ များ ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေး ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ပခုက္ကူမြို့နယ်၌ ကလေးငယ် ၇၇၂ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၆၅ ဦး စုစုပေါင်း ၈၃၇ ဦးတို့အား ပုံမှန် ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

❂ စာမျက်နှာ ၁၀ မှ

မဖြစ်မနေသွားရောက်ရပါက ပါးစပ်နှင့် နှာခေါင်း စည်းကို စနစ်တကျတပ်ဆင်ခြင်းတို့ကို ဆောင်ရွက် ရမည်ဖြစ်ပါသည်။

ရောဂါလက္ခဏာရှိသူများ အထူးသဖြင့် အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကိုယ်ခံအားကျဆင်းနေသူများသည် အထက်ဖော်ပြ ပါရောဂါလက္ခဏာများ ခံစားရသည့်အပြင် အသက်ရှူကျပ်ခြင်း၊ မောပန်းခြင်းစသည့် ပြင်းထန် ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ ဆေးကုသမှုခံယူရမည် ဖြစ်ပါသည်။

**အချိန်ပြည့်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း စနစ်ဖြင့် စောင့်ကြပ်ကြည့်ရှု**

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ အတွင်း HMPV ရောဂါပိုးနှင့် ရာသီတုပ်ကွေးရောဂါ ပိုး အပါအဝင် အဏုဇီဝပိုးများကြောင့် ဖြစ်ပွားသည့် လတ်တလော အသက်ရှူလမ်းကြောင်း ရောဂါများ ကို အချိန်ပြည့်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း စနစ် ဖြင့် စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသော ကူးစက်ရောဂါများ နိုင်ငံအတွင်း သို့ ကူးစက်မှုမရှိစေရေးအတွက် အပြည်ပြည် ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက် ပေါက်များတွင် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှု ခြင်းလုပ်ငန်းများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကျန်းမာရေးဆိုင်ရာ ထုတ်ပြန်ချက်များကို စဉ်ဆက် မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး တုံ့ပြန်ဆောင်ရွက်မှု များကို အချိန်နှင့်တစ်ပြေးညီ အထူးအလေးထား၍ ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပါ သည်။

> **HMPV ဗိုင်းရပ်စ်ပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ပိုမိုကူးစက်ဖြစ်ပွား၍ ၎င်းတို့တွင် ရောဂါပိုမို ပြင်းထန်နိုင်ခြေရှိပါသည်။ သို့ရာတွင် ရောဂါပိုးကြောင့် သေဆုံးမှုနှုန်းမှာ အသက်ရှူလမ်းကြောင်းရောဂါများကြောင့် သေဆုံးမှုများအားလုံး၏ တစ်ရာခိုင်နှုန်းအောက်တွင်သာရှိ**

မိဘပြည်သူများအနေဖြင့် ယခုကဲ့သို့ ဆောင်း ရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် HMPV ဗိုင်းရပ်စ်၊ ရာသီတုပ်ကွေးရောဂါဗိုင်းရပ်စ်တို့ကဲ့သို့ သော ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ နှင့် အခြားအဏုဇီဝရောဂါပိုးများကြောင့် ဖြစ်ပွား သည့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများမှကာကွယ်နိုင်ရေး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့် ရောဂါကာကွယ်ရေး နည်းလမ်းများကိုသိရှိပြီး အားလုံးကလိုက်ပါ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

# အိမ်မဲမြို့၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆီထွက်သီးနှံနေကြာ ၁၀ ဧက စံပြစိုက်ခင်း ရွက်ဖျန်းမြေသြဇာပက်ဖျန်း

**အိမ်မဲ ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ စားသုံးဆီဖူလုံစေရန် ရည်ရွယ်ပြီး တကောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံနေကြာ ၁၀ ဧက စံပြစိုက်ခင်း ရွက်ဖျန်းမြေသြဇာ ပက်ဖျန်းပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ မြို့နယ်စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များက တကောကျေးရွာ တောင်သူဦးကျော်ဝင်းအောင်၏ ကွင်းတွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာပင်များအား ရွက်ဖျန်းမြေသြဇာ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးသည်။



တကောကျေးရွာမှ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံနေကြာ ၁၀ ဧက စံပြစိုက်ခင်းအား အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**ငဖဲ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများထံ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျောင်းတွင်းရပ်ကွက်မှ တောင်သူ ၄၂ ဦး၏ စပါးနှင့်အခြားသီးနှံ စိုက်ဧက ၁၅၃ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၆၂ သိန်းကို ဆက်လက်ထုတ်ချေးပေးသည်။

ဦးစွာ ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်သန်းသန်းဆင့်က တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း၊ ယခင်နှစ် ဆောင်းသီးနှံချေးငွေ အရင်း၊ အတိုး ပြေကျေစွာပေးဆပ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရှိသည့် တောင်သူများအား ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ရေးအတွက် ကျေးရွာအုပ်စုရှစ်အုပ်စုမှ တောင်သူများအား ချေးငွေကျပ်သိန်း ၂၁၀၀ ကို ထုတ်ချေးပေးရန် လျာထားပြီး စပါးသီးနှံ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်းနှင့် အခြားသီးနှံစိုက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျောင်းတွင်းရပ်ကွက်မှ တောင်သူ ၄၂ ဦး၏ စပါးစိုက်ဧက ၁၈ ဧက၊ နှမ်းဧက ၄၀ ၊ မြေပဲ ၄၂ ဧကနှင့် ကုလားပဲ ၅၃ ဧက စုစုပေါင်း စိုက်ဧက ၁၅၃ ဧကအတွက် ချေးငွေကျပ် ၁၆၂ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုမှ တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ်များကို ဆက်လက်ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

# ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံ ၁၉၈၄၇ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၁၉၈၄၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းရာသီမှာ ပဲမျိုးစုံစိုက်ပျိုးဖို့ ၁၉၇၉၃ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၁၉၈၄၇ ဧက (၁၀၀ ဒသမ ၂၇) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကုလားပဲသီးနှံကို သီးသန့်နဲ့ လယ်ရိတ်သိမ်းပြီး သီးထပ်စိုက်ပျိုးကြပါတယ်။ တောင်သူတွေ ပဲမျိုးစုံသီးနှံကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်" ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

**အသိပညာပေး**

အဆိုပါ ပဲမျိုးစုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး စသည့် စိုက်ပျိုးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။



ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၁၁၇၂၇ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ ကုလားပဲ ၂၄၁ ဧက၊ စားတော်ပဲ ၅၂၇၈ ဧက၊ စွန်တာပြာ ၂၁၃၂ ဧက၊ ပဲရာဇာ ၄၅၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ )

# လှိုင်းဘွဲ့မြို့နယ်၌ မိသားစုတစ်နိုင်တစ်ပိုင် စားဖိုဆောင်သီးနှံများစိုက်ပျိုး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု အတွင်းရှိ ရေဘုတ်ရေလှောင်တမံမှ ဖြန့်ဝေသော ရေများကိုအသုံးပြု၍ စားဖိုဆောင် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသဖြင့် မိသားစုဝင်ငွေများ နေ့စဉ်ပုံမှန်ရရှိကြောင်း ဟင်းသီးဟင်းရွက်များစိုက်ပျိုးရောင်းချနေကြသည့် တောင်သူများထံမှ သိရသည်။

စားဖိုဆောင် ဟင်းသီးဟင်းရွက်သီးနှံများနှင့် ဘုရားပန်းများကို စိုက်ပျိုးရောင်းချနေသည့် ဒေါ်တင်တင်အေးက စိုက်ပျိုးထွက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် ဘုရားပန်းများကို ထီလုံဈေးတွင် နံနက်စောစော သွားရောက်ရောင်းချရာ တစ်ရက်ဝင်ငွေ လေးသောင်းကျပ်နီးပါး ရရှိကြောင်း သိရသည်။



ရေဘုတ်ရေလှောင်တမံဆည်မှ ဖြန့်ဝေသော ရေများကိုအသုံးပြု၍ ထီလုံကျေးရွာ၊ သမ္ဘာန်ကျေးရွာ၊ နောင်သင့်ကျေးရွာများမှ ဒေသခံပြည်သူများ၏ ခြံဝင်းနှင့်လယ်မြေများတွင် ဘူး၊ သခွား၊ ရုံးပတီ၊ ငရုတ်၊ ပဲတောင့်ရှည်၊ မုန်လာ၊ မုန်ညင်း၊ ပြောင်းဖူး၊ ကန်စွန်း၊ ခရမ်း၊ ချဉ်ပေါင်ပင် စသည့် စားဖိုဆောင် ဟင်းသီးဟင်းရွက်များကို အများအပြား စိုက်ပျိုးကြကြောင်း သိရသည်။

စောဒိ( ပြန်/ဆက်)



# ပေါင်းတည်၌ မတ်ပဲလျာထားချက်ထက် ကျော်လွန်စိုက်ပျိုးဖြစ်ထွန်း

**ပေါင်းတည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်အထိ မတ်ပဲ ၄၂၀၇၈ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ သိရသည်။

ယခုနှစ် မြို့နယ်အတွင်း၌ မတ်ပဲ ၄၀၂၀၁ ဧက စိုက်ပျိုးရန် လျာထားခဲ့ကြကြောင်းသိရပြီး တောင်သူများ၏ အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှုများနှင့်အညီ စိုက်စွမ်းအားမြှင့်၍ မတ်ပဲ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ ယခုအချိန်တွင် လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် မတ်ပဲစိုက် တောင်သူများအနေဖြင့် မိမိတို့စိုက်ခင်းများမှ ပဲအထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# BRICS အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အသင့်ရှိနေဟု တရုတ်တာဝန်ရှိသူပြောကြား

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံသည် ပွင့်လင်းမှုရှိပြီး အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်ဆောင်ရွက်နိုင်သည့် သာတူညီမျှ ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းကာ BRICS အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂူအိုဂျီကန်က ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအား BRICS အဖွဲ့၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ယခုနှစ် အလှည့်ကျသဘာပတိ ဘရာဇီးနိုင်ငံက သတ်မှတ်ကြေညာခဲ့ခြင်းကို တရုတ်နိုင်ငံကကြိုဆိုကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ BRICS အဖွဲ့၏ လုပ်ငန်းမူဘောင်အရ ထွန်းသစ်စဈေးကွက်များ ပေါ်ပေါက်လာခဲ့ပြီး ကမ္ဘာကြီးတွင်လည်း ဘုံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။ BRICS အဖွဲ့သည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ညီညွတ်ရေးအတွက် စင်္ကြံအဖြစ် တည်ရှိနေပြီး BRICS အဖွဲ့၏ဆောင်ရွက်ချက်များကြောင့် ကမ္ဘာပေါ်ရှိအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးစနစ် တိုးတက်လာသည်ကို တွေ့ရကာ ၎င်းအချက်များအရ BRICS အဖွဲ့သည် နောင်အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်ပင်လယ်တစ်လျှောက်ရှိ ဒေသများ၌ ဆီးနှင်းများထူထပ်စွာ ကျဆင်းလျက်ရှိ

**တိုကျို ဇန်နဝါရီ ၈**

ဂျပန်ပင်လယ်တစ်လျှောက်ရှိ ဒေသများ၌ ဆီးနှင်းများထူထပ်စွာ ကျဆင်းလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ကုန်းမြေ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် မိုးလေဝသအေဂျင်စီတို့မှ တာဝန်ရှိသူများက ဆီးနှင်းများကျဆင်းမှုနှင့် ပတ်သက်ပြီး သတိပေးချက်တစ်ရပ်ကို ပူးတွဲထုတ်ပြန်ထားကြောင်း သိရသည်။



မိုးလေဝသအေဂျင်စီ၏ မိုးလေဝသစောင့်ကြည့်ရေးနှင့် သတိပေးရေးဌာန အကြီးအကဲ ဟိုဆိုမီတာကူယာက ဇန်နဝါရီ ၁၀ ရက်အထိ ဆီးနှင်းများ ပိုမိုကျဆင်းနိုင်ကြောင်း သတင်းထောက်များအား ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။ ဂျပန်ပင်လယ်တစ်လျှောက်တွင် ဆီးနှင်းများ ဆက်လက်ကျဆင်းနေမည်ဖြစ်ပြီး မြေပြန့်ဒေသများတွင်လည်း နှင်းထူထပ်စွာ ကျလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်ပင်လယ်အတွင်း ဆီးနှင်းတိမ်တိုက်များ ဖြစ်ပေါ်လာပြီး ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့၌ နှင်းထူထပ်စွာ ကျဆင်းလာနိုင်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းခြင်းကြောင့် လမ်းများရပ်တန့်သွားခြင်း သို့မဟုတ် လမ်းပိတ်ခြင်းနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးတွင် နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်စေနိုင်သည့်အတွက် အရေးပေါ်မဟုတ်သော ကိစ္စရပ်များမှအပ အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အမြန်လမ်းပေါ်တွင် ဆီးနှင်းများကျဆင်းမှုကြောင့် မော်တော်ကားများ ၃၄ နာရီကြာ ပိတ်မိခဲ့သည့်ဖြစ်စဉ်ကို မြေယာဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးတာဝန်ခံ နီရှီဇာဝါကန်တာရိုက ပြည်သူများအား သတိပေးပြောကြားခဲ့သည်။ မဖြစ်မနေ ခရီးသွားရသည့် ယာဉ်မောင်းသူများအနေဖြင့်လည်း ၎င်းတို့၏ယာဉ်ပေါ်တွင် နှင်းတာယာများကို တပ်ဆင်ထားသင့်ကြောင်း၊ ဂေါ်ပြားများနှင့် အခြားဆောင်းရာသီသုံး ပစ္စည်းများကို သယ်ဆောင်သွားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# လာအိုနိုင်ငံရှိ ထုတ်ကုန်များ အရည်အသွေး မြှင့်တင်မည်

**ဗီယင်ကျန်း ဇန်နဝါရီ ၈**

လာအိုနိုင်ငံရှိထုတ်ကုန်များကို အရည်အသွေးမြှင့်တင်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် လာအိုနိုင်ငံရှိ စီးပွားရေးကဏ္ဍမှ လာအိုကစ် ၅၅ဘီလီယံကို လှူဒါန်းခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယခုလှူဒါန်းသည့် ငွေကို လာအိုထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖြစ် သတ်မှတ်သုံးစွဲမည်ဖြစ်သည်။

နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများခိုင်မာစေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေးနှင့် လာအိုနိုင်ငံမှ ထုတ်ကုန်များအား ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရေးတို့အတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လာအိုနိုင်ငံ ပတ်ဆာဆွန်သတင်းစာက ပြောကြားသည်။

ယခုကဲ့သို့ ပုဂ္ဂလိကကဏ္ဍမှ ရန်ပုံငွေများပေးအပ်ခြင်းဖြင့် နိုင်ငံစီးပွားရေးကို အမှီအခိုကင်းသည့် စီးပွားရေးဖြစ်လာရေး အစိုးရ၏ ဆောင်ရွက်ချက်ကို အကူအညီပေးအပ်ခဲ့ကြောင်း သိရသည်။ လာအိုထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို သတ်မှတ်လိုက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတွင် တီထွင်ဆန်းသစ်မှုနှင့် ထုတ်လုပ်မှုကို မြှင့်တင်နိုင်ကာ နိုင်ငံ၏ စီးပွားရေးကို ခိုင်မာစေမည်ဟု သိရသည်။

လာအိုထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို သတ်မှတ်လိုက်ခြင်းသည် လာအိုနိုင်ငံအတွက် ထူးခြားသည့်ခြေလှမ်းဖြစ်ပြီး အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုကို ပြသခြင်းပင်ဖြစ်ကြောင်းနှင့် ယခုဆောင်ရွက်ချက်ကြောင့် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတစ်ခုအတွင်း မိုင်းလုပ်သားကိုးဦး ပိတ်မိလျက်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၈**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ ရေလွှမ်းလျက်ရှိသည့် ကျောက်မီးသွေးတွင်းတစ်ခုအတွင်း မိုင်းလုပ်သားကိုးဦး ပိတ်မိလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အလောင်းတစ်လောင်းကို ဆယ်ယူရရှိထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီ ၆ ရက်က အလုပ်သမားများသည် ကျောက်မီးသွေးတွင်းဟောင်းတစ်ခုအတွင်း မိုင်းလုပ်ငန်းများဆောင်ရွက်စဉ် ရေအရင်းအမြစ်တစ်ခုကို ထိမိခဲ့ခြင်းကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

တာဝန်ရှိသူများက ရေငုပ်သမားများ၊ ကရိန်းများနှင့် ရဟတ်ယာဉ်များအသုံးပြုကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ကယ်ဆယ်ရေးသမားများသည် ရေလွှမ်းမှုများကြောင့် ခက်ခဲသောအခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ တရားမဝင်မိုင်းတွင်း မတော်တဆမှုများသည် မကြာခဏဖြစ်ပွားလျက်ရှိသည်။

၂၀၁၈ ခုနှစ်တွင် မီဂါလာယာပြည်နယ်၌ ကျောက်မီးသွေးတွင်း ပြိုကျခဲ့သည့်အတွက် မိုင်းတွင်းလုပ်သား ၁၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အပစ်အခတ်ရပ်စဲရေး ပထမအဆင့်တွင် ဟားမတ်စ်အဖွဲ့က ဓားစာခံ ၃၄ ဦးလွှတ်ပေးရန် သဘောတူ



**ဂါဇာစီးတီး ဇန်နဝါရီ ၈**

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့၏ အလားအလာကောင်းသည့် အပစ်အခတ်ရပ်စဲရေး ပထမအဆင့်တွင် ဟားမတ်စ်အဖွဲ့က ဓားစာခံ ၃၄ ဦးကို လွှတ်ပေးရန် သဘောတူညီခဲ့ကြောင်း သိရသည်။

**သဘောတူ**

အပစ်အခတ်ရပ်စဲရေး ပထမအဆင့်တွင် ဟားမတ်စ်သည် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ဓားစာခံ ၃၄ ဦးကို လွှတ်ပေးရန် သဘောတူခဲ့ကြောင်း မီဒီယာများက သတင်းဖော်ပြသည်။ အဆိုပါကာလကို ဟားမတ်စ်အဖွဲ့က ရက်သတ္တခြောက်ပတ်ခန့် အချိန်ယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

လွှတ်မြောက်လာမည့် ဓားစာခံများ၏ အမည်စာရင်းကို ဟားမတ်စ်က ထုတ်ပြန်ပေးခဲ့ကြောင်း မီဒီယာများက သတင်းဖော်ပြသည်။

အမေရိကန်နှင့် အခြားသော ဖျန်ဖြေရေးနိုင်ငံများ၏ ဖိအားများကြောင့် ဟားမတ်စ်သည် လိုက်လျောမှုများပြုလုပ်ရန် ဆန္ဒရှိခြင်းဖြစ်ကြောင်း အချို့သော လေ့လာသုံးသပ်သူများက ဆိုသည်။ သို့သော် တချို့ကလည်း ဟားမတ်စ်၏ ယခုလှုပ်ရှားမှုသည် အချိန်ဆွဲရန် ကြံစည်မှုတစ်ခုသာဖြစ်ကြောင်း စိုးရိမ်လျက်ရှိသည်။ အမေရိကန်နိုင်ငံက တင်သွင်းထားသည့် အဆင့်သုံးဆင့်ပါသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကြောင့် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား စေ့စပ်ညှိနှိုင်းမှုများသည် မကြာသေးမီက ရပ်တန့်သွားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့ ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၈၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့ မန်းရေနံမြေဝင်းအတွင်း၌ တရားမဝင် ရေနံစိမ်း ၂၃ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၅၀၀)ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၆၀၅၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၁၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၅၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ကန္တာဇမဟီရပ်ကွက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၇၁၅၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၈၈၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အမှတ်(၃၁၆-B)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၈၇ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၃၈၀၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်ခြောက်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း နောင်နွန်းကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ မယ်ယန်းကုန်သွယ်ရေးစခန်းအလွန် မိုင်းကိုးကျေးရွာ အုပ်စု ရန်နိုင်(၁)ကျေးရွာအနီး၌ရပ်တန့်ထားသော ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၈၂၉၄၉၆၃)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Mitsubishi Fuso Truck သုံးစီး၊ Isuzu Giga Truck နှစ်စီး၊ Hino Profia Truck တစ်စီး၊ စက်မှုဇုန်ထုတ် Mahar Nwe Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၇၉၄၉၆၃ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Landcruiser ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၄၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ လပွတ္တာမြို့နယ် (၄)မိုင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda ADV ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၉၇၄၆ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့၌ လိုင်စင်မဲ့ ယာဉ်ခြောက်စီးနှင့် ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၅၇၁ တန်၊ အခြားသစ် ၅၂ ဒသမ ၆၈၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၂၄၈၈)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၅၂၄၈၈ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၄၀၆၁၇၈)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၈၇၄၃၈)ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၈၀၇၉၃၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၃၀၁၅၄၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၅၉၅၂၉၃) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မရမ်းကုန်းမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ စိုးသူအောင်(ခ)ဇင်ဇင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ အိုက်စ် သုည ဒသမ ၉ ကီလိုကို လည်းကောင်း၊ ထို့ပြင် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၃ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၃)ရှိ စိုင်းယီတစ်(ခ)ယီနွဲ့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်(မေတ္တသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပန်းဆယ်မျိုးထဲမှ မြန်မာ့လက်မှုပန်းပုပညာ အလင်္ကာ
- ၀၉:၁၅ NRC အစီအစဉ်
- ၁၁:၃၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သူတောင်းပြည့်ကြွယ်တာရာစတာလာ' (အပိုင်း-၂၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၄၄)(ဇာတ်သိမ်း)
- ၁၅:၄၀ မျိုးဝက်တင့်စေ ဆိုကရေးတီးအမွေ
- ၁၆:၄၅ နှင်းဖြူတောင်ဒိုးတို့ဒေသခြယ်
- ၁၇:၀၅ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝင်းသူများ' (အပိုင်း-၁)
- ၂၂:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:09 Ancient Historical Kakku Pagoda
- 07:19 Chaung Tha Souvenir Business
- 07:28 Let's go to....Natural Paradise
- 08:01 News
- 08:26 Gold from Garbage
- 08:38 Topical Science Topics: Beauty of Marine Life
- 09:01 Dances of Myanmar: Rvwang Azulam Dance
- 09:05 Edible Beauty: Tha Khut
- 09:34 Myanmar's Traditional Ceramics
- 09:54 Tourism Development in Myanmar
- 10:01 News
- 10:27 Skilled Performance of Traditional Myanmar Colored Glass Ball

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခုနှစ်ရီးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်သို့

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ခရေပွေးတောက်ရွက်ဟင်းလေးပြည်းစမ်းချင်သေး

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန့်မှုတောင်

**ချင်း (ဒိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ဒိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၄)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
စော်ဘွားကြီးစဝ်ရွှေသိုက်နှင့်ညောင်ရွှေဟော်နန်းသမိုင်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၁၅ ယဉ်ကျေးမှုနှင့်သမိုင်းတို့ရှိရာ
- ၁၉:၄၅ Festivals Around the World
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံစမ်းမဲ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၅)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပျိုးမွေးကဏ္ဍမြှင့်တင်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Chinese New Year - Spring Festival Celebration
- ၁၉:၀၅ 200 Futuristic Agriculture Machines That are Next Level
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ Academy Shwe Kyo Ep 2
- ၂၀:၃၀ ချွန်စက်(ဇာတ်လမ်း)
- ၂၂:၀၀ Puss In Boots The Last Wish

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၁:၀၀ အားကစားသတင်း
- ၂၀:၀၀ ရန်ကုန်တိုင်းဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ (ဗိုလ်လုပွဲ) (Replay)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြိတ်မြို့၌ သစ်လွင်သားဖွားဆရာမများအား ရာထူးတာဝန်ခန့်အပ်လွှာ အပ်နှင်း

မြိတ် ဇန်နဝါရီ ၈

တနင်္သာရီ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန မြိတ်မြို့ သားဖွားသင်တန်းကျောင်းတွင် ကျင်းပသည့် သစ်လွင်သားဖွားဆရာမများ ရာထူးတာဝန် ခန့်အပ်လွှာ အပ်နှင်းပွဲသို့ တက်ရောက်ကြသည်။




## အမှာစကားပြောကြား

အခမ်းအနားတွင် လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အမှာစကားပြောကြားပြီး သစ်လွင်သားဖွားဆရာမများအား ရာထူးတာဝန် ခန့်အပ်လွှာများ အပ်နှင်းသည်။ ဆက်လက်၍ မြိတ်သားဖွား သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်ယုယုမော်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သစ်လွင် သားဖွားဆရာမများသည် သင်တန်းနှစ်နှစ်တာ ကာလအတွင်း သူနာပြု၊ သားဖွားကျင့်ဝတ်၊ အခြေခံသူနာပြုစုမှု၊ သားဖွားပညာရပ်၊ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု၊ ကလေး ကျန်းမာရေးသူနာပြုစုမှု၊ မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ သုတေသနမိတ်ဆက်ဘာသာရပ်များကို သင်ကြားခဲ့ကြပြီး သားဖွားဒီပလိုမာ စာမေးပွဲကိုဖြေဆိုခဲ့ကြကာ အောင်မြင်သည့် သင်တန်းသူများကိုသာ သားဖွားဆရာမ ရာထူးတာဝန်ကို အပ်နှင်းခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

# မိုင်းယောင်းမြို့၌ လူကုန်ကူးမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေး

မိုင်းယောင်း ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က လူကုန်ကူးမှု ၁၀၀ လျှင် ပြည်ပသို့ လူကုန်ကူးမှု ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းရှိပြီး ပြည်တွင်းလူကုန်ကူးမှု ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်းက ယနေ့ကမ္ဘာပေါ်တွင် လူ ၄၆ သန်းခန့် လူကုန်ကူးခံကြရပြီး နှစ်စဉ်လည်း တိုးတက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ လူကုန်ကူးမှုအများစုတွင် ကျူးလွန်ခံရသူနှင့် ကျူးလွန်သူပါ အမျိုးသမီးများဖြစ်နေကြောင်း အသိပညာပေးဆွေးနွေးသည်။

ဝေဝေခိုင်(ပြန်/ဆက်)




# အုတ်တွင်းမြို့ရှိ ဆန်စက်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

အုတ်တွင်း ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ကြက်သွန်ခင်း(၁)ရပ်ကွက်အတွင်းရှိ ဆန်စက်များသို့ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် လျှပ်စစ်မီးများသုံးစွဲရာ၌ ခံနိုင်ဝန်ထက် ပိုမိုအသုံးမပြုရေး၊ ဟောင်းနွမ်းသော လျှပ်စစ်မီးကြိုးအသစ်လဲလှယ်အသုံးပြုရေး၊ လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ ဆေးလိပ်သောက်ရာတွင် သတိပြုဆင်ခြင်သင့်သည့် အချက်များ၊ ဖယောင်းတိုင်နှင့် လောင်စာဆီအသုံးပြုရာတွင် သတိပြုသင့်သည့်အချက်များ၊ အမှိုက်မီးရှို့ရာတွင် လိုက်နာရမည့်အချက်များအား ပြည်သူများ သိရှိလိုက်နာဆောင်ရွက်သွားကြရန်နှင့် မီးသတ်ဆေးဘူးများထားရှိစေရေးနှင့်မီးဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီဆက်သွယ်အကြောင်းကြားပေးရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ဝေါမြို့နယ်၌ E-Cigaretteနှင့် Vape အန္တရာယ် အသိပညာပေးဟောပြော

ပဲခူး ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ဝေါမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိဇေယျာခန်းမ၌ E–Cigaretteနှင့် Vape အန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဘက်စုံသားဖွား ဆရာမ ဒေါ်တင်ဇာနွယ်က E–Cigaretteနှင့် Vape သုံးစွဲမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ထားဝယ်မြို့၌ အခြေခံပညာကျောင်းများသို့ သုတ/ရသစာအုပ် စာစောင်များ ငှားရမ်းပေး

**ထားဝယ် ဇန်နဝါရီ ၈**

တနင်္သာရီ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ခရိုင် ပြည်သူ့စာကြည့်တိုက်သို့ လာရောက် မငှားရမ်းနိုင်သည့် ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ/ရသ စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အခြေခံပညာကျောင်းများသို့ သုတ/ရသ စာအုပ်စာစောင်များ ငှားရမ်းပေးသည်။



ရွေ့လျား စာကြည့်တိုက်ယာဉ်၌ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် သုတ/ရသ စာအုပ်စာစောင် ၄၀၀ အုပ်ပါရှိပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို သုံးရက်လျှင် တစ်ကြိမ် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

■

# နတ်တလင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**နတ်တလင်း ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အထက (ကရင်ကုန်း)၌ ကျင်းပသည်။

ဦးစွာ အထက(ကရင်ကုန်း) ကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသီတာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းက ဦးဆောင်ကာ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်စာပေ"၊ "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ "လူငယ်နှင့်အားကစား"၊ "လူငယ်နှင့်ကျန်းမာရေး" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကာ ပါဝင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**





# ဝန်းသိုမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

**ဝန်းသို ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ဝန်းသို) မြတ်ဆရာခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ကောလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်တို့က အဖွင့်အမှာစကားများပြောကြားသည်။

ယင်းနောက် ကောလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ရဲမှူး ကျော်ဆန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန် /ဆက်)**

# တောင်တွင်းကြီးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇန်နဝါရီ ၈**

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့မ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ယနေ့နံနက် ၉ နာရီက ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းအရင်းများ၊ အန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်များ လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်စသည့် ကလေးအလုပ်သမား ပပျောက်ရေး ရည်မှန်းချက်ထား ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**နောင်နောင်(ဗိသုနိုးမြေ)**



# ပန်းတောင်းမြို့နယ် အခြေခံပညာကျောင်းများ၌ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်

**ပန်းတောင်း ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီတွင် အမက(သစ်ဆိမ့်ပင်)နှင့် အမက(လွန်) ညောင်ပင်သာကျောင်းတို့သို့ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲများဆောင်ရွက်ခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စာပေလေ့လာဖတ်ရှု မှတ်သားကြရန်၊ အင်တာနက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအား ရုပ်ပြပုံပြင်များပြောခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုလုပ်ငန်းစဉ်များ လိုက်ပါဆောင်ရွက်စေခြင်းများ ပြုလုပ်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## ကျောက်ဆည်ခရိုင် ကိုယ်ပိုင်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ကျောက်ဆည် ဇန်နဝါရီ ၈

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကိုယ်ပိုင်ကျောင်းများ အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့ ပြည်သူ့ အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က အမှာစကားပြောကြားပြီး ကျောက်ဆည်မြို့ မေတ္တာကိုယ်ပိုင် အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူ ဒေါ်သင်းပုံ့ကြူက ကိုယ်ပိုင်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မေတ္တာကိုယ်ပိုင် အထက်တန်းကျောင်းနှင့် စဥ့်ကိုင်မြို့ ပညာစံအိမ်ကိုယ်ပိုင်ကျောင်းတို့မှ ဘောလုံးအသင်းများက ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အားကစား တံခွန်စိုက်ဆုရ မေတ္တာ ကိုယ်ပိုင်အထက်တန်းကျောင်းအား တံခွန်စိုက်ဆုချီးမြှင့်သည်။ ထို့နောက် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လင်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကျောက်ဆည် ခရိုင်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများ တည်ထောင်အုပ်ချုပ်သူများက ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲ၊ ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ၊ ကြက်တောင်ရိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိခဲ့သူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## သံဖြူဇရပ်မြို့နယ် အလက (ကြာကန်) ၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲနှင့် ပြပွဲများပြုလုပ်

သံဖြူဇရပ် ဇန်နဝါရီ ၈

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် ဗလငါးတန်ဖွံ့ဖြိုးစေရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက အလက (ကြာကန်)၌ ပြုလုပ်သည်။

စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်အေးအေးသီက စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများ၊ ကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ မွေးကင်းစမှ နှစ်နှစ်အရွယ် ကလေးများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုပြိုင်ပွဲ ကျင်းပ

မဟာအောင်မြေ ဇန်နဝါရီ ၈

မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် မြို့နယ်မိခင်နှင့်ကလေးအသင်းပိုင်သားဖွားခန်း(၁)၌ မွေးကင်းစအရွယ်မှ နှစ်နှစ်အရွယ်ကလေးများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်က မဟာအောင်မြေမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်း ဦးစီး၍ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မမနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မိခင်နှင့်ကလေးအသင်းပိုင်သားဖွားဆရာမများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမများက ပြိုင်ပွဲဝင် ကလေးငယ်များအား အရပ်၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ ကျန်းမာရေး



စစ်ဆေးခြင်းများ ဆောင်ရွက်ကြကာ ဆုရကလေးများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**



## ဒက္ခိဏခရိုင်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က မူကြိုအရွယ် ကလေးငယ်များပြုစုစောင့်ရှောက်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်စာပေများ၊ ကလေးစာပေများကို လက်လှမ်းတမီထားရှိနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

**ကြည့်ရှုလေ့လာ**

ဟောပြောပွဲအပြီးတွင် အခမ်းအနား တက်ရောက်လာကြသူများက ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# မြစ်သားမြို့နယ်၌ မိုးကြက်သွန်နီများထွက်ပေါ်ပြီး ဈေးနှုန်းကောင်းမွန်၍ အကျိုးအမြတ်ရ

**မြစ်သား ဇန်နဝါရီ ၈**

မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ သီးနှံမျိုးစုံအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စားဖိုဆောင်သီးနှံတစ်မျိုး ဖြစ်သောကြက်သွန်နီသီးနှံကို စိုက်ဧက ၂၇၉၀ ခန့် စိုက်ပျိုးထားရှိပြီး ကသဲကုန်းရွာ၊ ဆည်ရွာနှင့် လေးဆယ်ကုန်းရွာတို့၌ အများဆုံးစိုက်ပျိုးကြကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။



ကြက်သွန်နီသီးနှံကို ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်တူးဖော်ရကြောင်း၊ စိုက်ပျိုးရာတွင် ဘောင်ခတ်၍ ရေသွင်းရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သိန်း ၃၀ ကျော်ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ကြက်သွန်နီပိဿာချိန် ၃၀၀၀ ကျော်ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူကြပြီး မြို့နယ်အတွင်း ရောင်းချမှုအပြင် ကျောက်ဆည်၊ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြဝတီမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ မိုးကြက်သွန်နီအနေဖြင့် ဒေသတွင်းစိုက်ပျိုးဧကနည်းပါးသော်လည်း သီးနှံထွက်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ အကျိုးအမြတ်ပိုမိုရရှိကြောင်း ကြက်သွန်နီစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



# ကျောက်ဆည်မြို့နယ်၌ ဝွေးသီးသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

**ကျောက်ဆည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် မြေဆီမြေလွှာကောင်းမွန်သောဒေသဖြစ်ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ သီးနှံမျိုးစုံစိုက်ပျိုးကြပြီး ရာသီမရွေးစိုက်ပျိုးနိုင်သည့် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့်ဝွေးပင်များကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဝွေးပင်သည် မြေအမျိုးအစားအမျိုးမျိုးတွင် ရှင်သန်ဖြစ်ထွန်းနိုင်ပြီး မိုးဦးကျကာလများတွင် စတင်စိုက်ပျိုးပါက အပင်များပိုမိုဖြစ်ထွန်းအောင်မြင်ကြောင်း၊ တစ်ဧကလျှင် အပင်ရေ ၅၀-၆၀ ခန့် စိုက်ပျိုးနိုင်ပြီး မျိုးအနေဖြင့် ခြောက်လဝွေးမျိုး၊ ပင်ကြီးဝွေးမျိုးနှင့် တစ်နှစ်ပတ်လုံးသီးသောဝွေးမျိုးဟူ၍ရှိရာ နှစ်ရှည်စားသုံးစိုက်ပျိုးသောပင်ကြီးဝွေးမျိုးကိုသာ စိုက်ပျိုးကြကြောင်း၊ ဝွေးပင်များကို စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် ဝွေးသီးများ စတင်ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ မျိုးပင်၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၈၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဝွေးသီးသီးနှံသည် တစ်နှစ်လျှင်နှစ်ကြိမ်အသီးသီးပြီး တစ်ကြိမ်ခူးဆွတ်လျှင် တစ်ဧက ၃၇-၄၀ တင်းခန့် ထွက်ရှိရာ တစ်နှစ်လျှင် စုစုပေါင်း ၇၅-၈၀ တင်းခန့်ထွက်ရှိကြောင်း၊ စိုက်ခင်းအရောက် လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လာမည့်နှစ်များတွင် သွင်းအားစုကုန်ကျစရိတ်များ နည်းပါးလာသည့်အတွက် အမြတ်ပိုမိုရရှိနိုင်ကြောင်း ဝွေးပင်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံသီးနှံများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

**မကွေး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်၊ ဥယျာဉ်၊ ရွာတော်၊ ညောင်ပင်သာ၊ မယ်ဇလီတော၊ ဇီးတော စသည့်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ပဲစင်းငုံသီးနှံများကို စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ပဲစင်းငုံသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။



ပဲစင်းငုံသီးနှံကို ဇူလိုင်လတွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း၊ သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ပဲစင်းငုံအနီမျိုးများကို တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၀-၁၂ တင်းခန့်ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံအထွက်နှုန်းအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ပြည်တွင်းဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိပွဲရုံများသို့ ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးမြို့နှင့် ရန်ကုန်မြို့များသို့ ရောင်းချကြကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ကြောင်း သိရသည်။

# မြစ်သားမြို့နယ်၌ ဆောင်းပဲကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တောင်တောကုန်းရွာ၊ မြသုခ၊ ကံဆည်နှင့် ခင်လည်ကျေးရွာတို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းပဲကြီးများကို စိုက်ဧက ၂၄၀ ခန့်စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏စာရင်းများအရသိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလ၌ စတင်စိုက်ပျိုးပြီး သုံးလအကြာတွင် စတင်ရိတ်သိမ်းရကြောင်း၊ ပဲကြီးစိုက်ပျိုးရာတွင် ဘောင်စနစ်ဖြင့် စိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ပဲကြီးတစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲကြီးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက တောင်သူများ အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**၈-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၄၅၀၀ | ၅၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၇၅၀၀ | ၄၇၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၉၅၀၀ | ၇၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၄၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၃၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၄၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၈၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၃၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၂၀၀ | ၃၆၀၀ | ၁၅၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၂၀၀၀ | ၂၆၅၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၄၀၀ | ၄၀၀၀ | ၁၅၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၂၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၃၅၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

# အတိုက်အခံ

ပီမိုးနင်း

## မီးသည် တန်ခိုးအကြီးဆုံးသော ဓာတ်ဖြစ်သော်လည်း ပွတ်တိုက်မှ ထွက်ပေါ်လာသည်။ လူလည်း အတိုက်အခံရှိမှ ပိုမို၍ တန်ခိုးကြီးသည်။

ဤလောကသည် အမြဲစစ်တိုက်၍နေရသော လောကဖြစ်၏။ သစ်ပင်တောတောင် ရေမြေဟူသမျှသည် ဥတုနှင့်တိုက်ကြ၏။ အတိုက်အခံမပြုဘဲ လွယ်လွယ်ကူကူ ကြီးပွားတိုးတက်သောအရာဟူ၍မရှိချေ။ တိရစ္ဆာန်သတ္တဝါတို့သည်လည်း အတိုက်အခံရှိခြင်းဖြင့် အသက်မွေးကြရ၏။ လူသတ္တဝါတို့မှာလည်း ထို့အတူပေတည်း။

လယ်ယာစိုက်ပျိုး လုပ်ကိုင်သူများသည် ပထဝီမြေကြီးကို ပင်ပန်းစွာတိုက်ကြရလေသည်။ ကုန်သည်တို့သည်လည်း ကုန်သည်အချင်းချင်း အကြံစစ်ဉာဏ်စစ်ကို ခင်း၍နေကြရလေသည်။ တိရစ္ဆာန်များသည် အများအားဖြင့် ပူး၍တိုက်ကြ၏။ ကိုယ့်သတ္တိဖြင့်တိုက်ကြရ၏။ လူသတ္တဝါတို့သည်ကား အမြဲအားဖြင့် ခွာ၍တိုက်ကြ၏။ လူသတ္တဝါများ တိုက်ခိုက်နေကြသည်ကို စစ်ပွဲမှ တစ်ပါး သေချာစွာမမြင်ရချေ။ နေ့စဉ် ဈေး၌ တိုက်ခိုက်၍နေကြ၏။ လုပ်ကိုင်ရောင်းချသူတို့နှင့် တိုက်ခိုက်ကြ၏။ သတင်းစာတို့သည် သတင်းစာချင်းပြိုင်ကြ၏။ သို့ဖြစ်၍ လူ့လောကကြီးသည် တိုက်ခိုက်ခြင်းဖြင့် ကြီးပွားတိုးတက်ရလေသည်။

သို့ဖြစ်လေရာ ကမ္ဘာလောကကြီးတွင် မည်သည့်သတ္တဝါ မည်သည့်လူမှသက်သက်သာသာနှင့်မကြီးပွားနိုင်ချေ။ သူတော်သူမြတ် ရသေ့ရဟန်းများပင်သော်မှငြိမ်စွာမနေနိုင်ကြပေ။ ၎င်းတို့မှာ ပါရမီတို့ဖြင့် ရင့်မာခြင်းဖြစ်ဖို့ရန် လူ့ကိုယ်ခန္ဓာကြီးနှင့် အမြဲမပြတ်အပြင်းအထန်တိုက်ခိုက်၍နေကြလေသည်။ သို့ဖြစ်လေရာ ကမ္ဘာပေါ်၌ စစ်မက်အရေးမရှိလေအောင် ကြံဆောင်ကြိုးစား၍နေကြသူများသည် စိတ်ကောင်းစိတ်မြတ်အရင်းခံဖြင့် ကြိုးစား၍နေကြသည်မှာ အမှန်ပင်ဖြစ်သော်လည်း တိုးတက်ခြင်း၏ ဓမ္မတာသဘောတရားကြီးနှင့် ဆန့်ကျင်စွာ ကြံစည်ရလေရာ မဖြစ်နိုင်သောအရာကို ကြံစည်ခြင်း ဖြစ်လေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးသည် ကံဇာတာကောင်းလျှင် သက်သက်သာသာ လွယ်လွယ်ကူကူ ပင်ပန်းစွာ လုပ်ကိုင်ကြံစည်စွန့်စားခြင်းမပြုဘဲ ကြီးပွားနိုင်သည်ဟု အယူရှိကာ ဘယ်အချက်အချာက ကောင်းကွက်ဆိုက်မည်ကို မျှော်တတ်ကြလေသည်။

မြန်မာလူမျိုးတို့သည် အိပ်မက်ကိုလည်း လွန်စွာယုံကြည်ကြ၏။ မစင်နှင့် ပိုးလောက်ကို မက်လျှင် လာဘ်ရမည်။ မြွေကိုမက်တာဟာ ငွေရမယ့်နိမိတ်ပဲ။ ဆင်ကိုစီးရသည် အိပ်မက်မက်လျှင် ဧကန်တစ်နေ့တွင် အမြင့်ကိုရောက်မှာပဲ။ အိမ်ကို ဆင်ဖြူတော်ကြီးဝင်သည်ဟု အိပ်မက်သဖြင့် စူးစမ်းဆင်ခြင်ခြင်း မရှိဘဲ အလုပ်ကို သွန်မှောက်ကာ အရမ်းလုပ်မိသဖြင့် ပျက်စီးဖူးသည်များကို မြင်ဖူးလေသည်။

**ဤလောက၌ တကယ်ကြီးပွားလိုက တကယ်အပင်ပန်းခံ၍ တိုက်ခိုက်ရ၏။ နိမိတ်တွေ အိပ်မက်တွေကို ယုံကြည်ကာစိတ်ချပြီး ဒူးနှန့်၍ မနေအပ်ပေ။ အိပ်မက်ဆိုသည်မှာ မိမိကိုယ်ကို အထင်ကြီး၍နေက ကြီးကျယ်စွာမက်တတ်၏။ မိမိကိုယ်ကို မင်းဖြစ်လိမ့်မည်ဟုမှတ်ထင်၍နေသူမှာ မင်းစည်းစိမ်နှင့်တူသော အခမ်းအနားများနှင့် မိမိကိုယ်တိုင်ဆက်သွယ်သော အိပ်မက်များကို မြင်မက်တတ်၏။**

စင်စစ်မှာ ဤလောက၌ တကယ်ကြီးပွားလိုက တကယ်အပင်ပန်းခံ၍ တိုက်ခိုက်ရ၏။ နိမိတ်တွေ အိပ်မက်တွေကို ယုံကြည်ကာစိတ်ချပြီး ဒူးနှန့်၍ မနေအပ်ပေ။ အိပ်မက်ဆိုသည်မှာ မိမိကိုယ်ကို အထင်ကြီး၍နေက ကြီးကျယ်စွာ မက်တတ်၏။ မိမိကိုယ်ကို မင်းဖြစ်လိမ့်မည်ဟု မှတ်ထင်၍နေသူမှာ မင်းစည်းစိမ်နှင့်တူသော အခမ်းအနားများနှင့် မိမိကိုယ်တိုင်ဆက်သွယ်သော အိပ်မက်များကို မြင်မက်တတ်၏။ ထီကိုထိုးသောသူသည် စိတ်က ထီပေါက်ချင်လှသဖြင့် လူအများတို့၏အယူအရ လာဘ်နှင့်ယှဉ်သည်ဆိုသောအရာများကို မက်တတ်၏။ သူငယ်မကလေးတစ်ယောက်ကို ကြိုက်နေသူသည် ထိုသူငယ်မကလေးနှင့် တွေ့ကြုံနီးစပ်ရသည်ဟု အိပ်မက်မက်တတ်၏။ အိပ်မက်ဆိုသည်မှာ နီးကြားသောစိတ်ဆန္ဒကို အိပ်ရာ၌ပြည့်စေသည့်အရာမျိုး ဖြစ်လေသည်။ သူပုန်ဂျွန်ဗိုလ်များအနက် မိမိကိုယ်ကို အကြီးအကျယ်အိပ်မက်သူတွေ ရှိကြပေလိမ့်မည်။ သို့အိပ်မက်ကိုယုံကြည်၍ စွန့်စားသူများ များစွာရှိကြပေလိမ့်မည်။

ရှေးမြင်းထီများကောင်းစား၍နေသော အခါသမယ၌ တောရွာတစ်ရွာတွင် လူတစ်ယောက်သည် ထီထိုးပြီးနောက် တောအရပ်က မြင်းလာ၍ဆက်သည်ဟူသော အိပ်မက်မက်သဖြင့် သူဌေးစိတ်ပေါက်ကာ နောက်လိုက်နောက်ပါများနှင့် တောသူဌေးစတိုင်ဝတ်ဆင်ကာ ရွာကိုလှည့်လျှောက်၍ မိမိအိပ်မက်အကြောင်းကိုပြောရင်း မိမိကိုယ်ကို ဒိဋ္ဌသူဌေးဖြစ်ရတော့မည်ဟု မှတ်ယူစိတ်ချလျက် ထီဖွင့်မည့်ရက်ကိုသာမျှော်၍နေပြီး ထီမပေါက်သောအခါ ရှုးနောက်၍သွားလေသည်။

ရန်ကုန်မြို့မှာလည်း ဈေးသည်ယောကျ်ားတစ်ယောက် ထီထိုးပြီးနောက် အိပ်မက်ကောင်းအားကြီးသဖြင့်စိတ်ချပြီး မိမိအလုပ်ကိုပင် ဂရုမစိုက်နိုင်ဘဲ ထီဖွင့်မည့်နေ့ရက်ကိုသာ မျှော်၍နေလေရာ ထီမပေါက်သောအခါ ရှုးပြီး အဘယ်အရပ်ကိုထွက်၍ သွားသည်မျှမသိရအောင် ပျောက်ကွယ်၍သွားလေသည်။

သို့ဖြစ်လေရာ လောက၌ ကြီးပွားလိုသူသည် အတိတ်နိမိတ်အိပ်မက်တို့ကို ယုံကြည်ကာ အေးအေးမနေဘဲ ပင်ပန်းစွာရှာကြံမှ ကြီးပွားနိုင်မည်ဟု စိတ်ချရမည်။ တကယ်ကြိုးစားလျှင် တကယ်အကျိုးရှိ၏ ဟူသော အကြောင်းကို ယုံကြည်ရမည်။ မတော်တဆ အိပ်မက်နှင့်တိုက်ဆိုင်ကာ အကျိုးပေးသူများလည်း ရှိကြပေလိမ့်မည်။ သို့သော်လည်း မတိုက်ဆိုင်သူတွေက များကြလေသည်။

ဥရောပတိုင်းသားတို့ ကမ္ဘာကို အုပ်စိုးရသည်မှာ ပင်ပန်းစွာ စွန့်စားလှည့်လည်ကြသောကြောင့်ဖြစ်၏။ ဖောင်စကြာနှင့် လက်ညှိုးညွှန်ရာ ရေဖြစ်ပြီး လွယ်ကူစွာ အပျော်သွားလာကြသောကြောင့် မဟုတ်။ အသက်ကိုစွန့်သည့်အခါ စွန့်ကြရ၏။ "မသေရှေ့ထီး သေမြေကြီးဆိုသော စကားသည် မြန်မာစကားဖြစ်၏။ သို့သော်လည်း မြန်မာလူမျိုးများသည် ထိုစကားအတိုင်း များစွာမကျင့်ကြံ။ ကံကိုသာ မျှော်နေကြရာ ဥရောပတိုက်သားတို့မှာ ထိုမြန်မာစကားကို အထူးအသုံးပြုသူများဖြစ်ကြလေသည်။

သို့ဖြစ်၍ ဤဘဝ၌ အတိုက်တန်သောသူသည် ပိုမို၍တန်ခိုးကြီးသည်။ မီးသည် တန်ခိုးအကြီးဆုံးသောဓာတ်ဖြစ်လေရာ ပွတ်တိုက်မှထွက်ပေါ်လာလေသည်။ လူသည် မီးနှင့်တစ်ပြိုင်တည်းပေါ်၏။ မတိုက်သောလူမျိုးသည် ထိုကမ္ဘာပေါ်၌ အောက်ကျနောက်ကျနေကြရမည်ကား အမှန်ပင်ဖြစ်ပေကြောင်း။ ။

# ဒေါ်လာတစ်သန်းနဲ့ လဲမလား

ခင်မောင်ညို (ဘောဂဗေဒ)

(၁-၁-၂၀၂၅ ရက်နေ့မှအဆက်)

ထိုစကားများ ဆိုခဲ့သူမှာ မူလကတည်းက အကောင်းမြင်တတ်သူတစ်ယောက်မဟုတ်ပေ။ နှစ်ပေါင်းနှစ်ဆယ်ခန့် သောကထွေပြား၊ ဒုက္ခများကာ ငတ်မွတ်ဆာလောင်စွာနေခဲ့ရသူတစ်ဦး၏ နှုတ်ထွက်စကားများဖြစ်သည်။ နောက်ဆုံး၌ သူသည် သူ့ခေတ်တွင် အထင်ရှားဆုံး၊ ခေတ်အဆက်ဆက်တွင် စကားပြောအကောင်းဆုံး လူတစ်ယောက်ဖြစ်လာခဲ့သည်။

လော်ဂန်ပီယာ ဘယ်လ် စမစ်သ်က "ဘဝမှာ ရည်မှန်းချက်ထားစရာ နှစ်ခုရှိတယ်။ ပထမတစ်ခုက ကိုယ်လိုချင်တာကို ကိုယ်ရဖို့၊ နောက်တစ်ခုက ကိုယ်လိုချင်တာကို ပျော်ပျော်ရွှင်ရွှင်ခံစားဖို့ပဲ။ ဉာဏ်ပညာအရှိဆုံးလူတွေသာ ကိုယ်လိုချင်တာကို ပျော်ပျော်ရွှင်ရွှင်ခံစားဖို့ ရည်မှန်းချက်ထားတတ်ကြတယ်"ဟု ဆိုခဲ့သည်။

ပန်းကန်စင်မှာ ပန်းကန်ဆေးတာလို အလွန်ပျင်းသည့်ကိစ္စမျိုးကို စိတ်ဝင်စားစရာဖြစ်အောင် ဘယ်လိုလုပ်ရမည်ကို သင်သိချင်ပါသလား။ ဘောဂစ် ဒါးလ် ရေးသော **"ငါမြင်ချင်တယ်"** ဟူသော စာအုပ်ကို ဖတ်ပါ။ ထိုစာအုပ်ကို နှစ်ငါးဆယ်ကျော် မျက်စိကွယ်နေသော အမျိုးသမီးတစ်ဦး ရေးခဲ့ခြင်းဖြစ်သည်။ မျက်စိတစ်ဖက်က လုံးဝကွယ်နေပြီး ကျန်တစ်ဖက်ကို ကြီးမားထူထဲသော အမာရွတ်ကြီးက ပိတ်နေသည်။ အပေါက်ကလေးသေးသေးမှ နည်းနည်းသာမြင်ရသည်။ စာအုပ်တစ်အုပ်ကို မျက်နှာနှင့်ထိပြီး ကြိုးစားဖတ်မှရသည်။

သို့သော် သူသည် သူတစ်ပါးသနားသည်ကို ခံချင်သူမဟုတ်။ သူတစ်ပါးနှင့်မတူဟု သတ်မှတ်သည်ကို ခံချင်သူမဟုတ်။ တခြားကလေးများလို ကစားချင်သည်။ ကောင်းကောင်းမမြင်ရသော်လည်း ကြိုးစားပြီးကြည့်ကာ ကစားသည်။ ထုပ်ဆီးတိုးသည့် စည်းကြောင်းများကို မျက်နှာနှင့် ကပ်ကြည့်ရသည်။ အခြားကလေးများ အိမ်ပြန်ကုန်ကြသည့်အခါ မျက်နှာကို မြေကြီးနှင့်ကပ်ပြီး စည်းကြောင်းတွေကို လိုက်မှတ်ထားသည်။ သူငယ်ချင်းများ၏ နေရာကိုလည်း သေသေချာချာ မှတ်ထားသည်။ ကြာလာတော့ ကစားပွဲတိုင်းလိုလို၌ ချန်ပီယံဖြစ်လာတော့သည်။

အိမ်ပြန်လို့ စာဖတ်ရတော့လည်း စာလုံးကြီးများနှင့် ရိုက်နှိပ်ထားသော စာအုပ်ကို မျက်တောင်နှင့် ထိကပ်နေအောင်ထားပြီး ဖတ်ရသည်။ သူသည် မင်နီဆိုတာတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ကိုလံဘီယာတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့တို့ကို ရယူနိုင်ခဲ့သည်။

ထို့နောက် သူသည် မင်နီဆိုတာပြည်နယ်တွင်း ဝယ်လီးရွာ၌ ဆရာမလုပ်ခဲ့သည်။ ထိုမှတစ်ဆင့် ဒါကိုတာပြည်နယ်တောင်ပိုင်း သြဂတ်စတာနာကောလိပ်တွင် သတင်းစာပညာနှင့် စာပေပညာ ပါမောက္ခအထိ ဖြစ်လာခဲ့သည်။ ထိုကျောင်း၌ ၁၃ နှစ်တိုင် သင်ကြားပို့ချခဲ့သည်။ အမျိုးသမီးအသင်းများ၌ ဟောပြောပို့ချမှုများပြုလုပ်ခဲ့ပြီး စာအုပ်များနှင့် စာရေးဆရာများအကြောင်းကိုလည်း ရေဒီယိုမှ အသံလွှင့်ဟောပြောခဲ့သည်။ "ကျွန်မစိတ်ထဲမှာတော့ လုံးဝမမြင်မကန်းဖြစ်သွားမှာ နည်းနည်းတော့သောကရှိတယ်။ အဲဒီသောကကို ကျော်လွှားဖို့ ဘဝနဲ့ပတ်သက်ရင် ပျော်ပျော်ပါးပါးပဲ သဘောထားပါတယ်"

၁၉၄၃ ခုနှစ်တွင် သူ့ အသက် ၅၂ နှစ်ပြည့်သည့်အခါ အံ့သြစရာများ ဖြစ်ပေါ်လာသည်။ နာမည်ကျော် မေယိုဆေးရုံတွင် တက်ရောက်ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် ယခင်ကထက် အဆပေါင်းလေးဆယ်ပို၍အမြင်အာရုံ ကြည်လင်လာခဲ့သည်။

သစ်ဆန်းသော၊ စိတ်ဝင်စားစရာကောင်းသော ကမ္ဘာကြီးကို မျက်ဝါးထင်ထင်ရှုမြင်ရသည်။ မီးဖိုထဲ၌ ပန်းကန်ဆေးရတာကအစ စိတ်ဝင်စားစရာကောင်းနေသည်။ ဆပ်ပြာရည်ထည့်ရတာ၊ ဆပ်ပြာရည်ထဲ လက်မြှုပ်ရတာ၊ ဆပ်ပြာပူဖောင်းတွေ လိုက်ဖမ်းရတာကအစ အစစအရာရာ ပျော်စရာများဖြစ်နေသည်။ ဆပ်ပြာပူဖောင်းများကို နေရောင်မှာ ထောင်ကြည့်တော့ သက်တံရောင်စုံ ပေါက်စနလေးတွေ မြင်ရတာကိုက စွဲမက်စရာ။

ပန်းကန်ဆေးခုံပေါ်က ပြတင်းပေါက်မှတစ်ဆင့် အိမ်အပြင်ဘက်ကို လှမ်းကြည့်လိုက်သည့်အခါ နှင်းထဲမှာ စာကလေးတွေ ပျံသွားတာ အထူးအဆန်းဖြစ်နေသည်။ ဆပ်ပြာပူဖောင်းနှင့် စာကလေးတွေ မြင်ရသဖြင့် ဘုရားသခင်၏ဂုဏ်ကျေးဇူးကို အထူးသတိတရရှိခိုးဆုတောင်းပြီး သူ၏စာအုပ်ကို နိဂုံးချုပ်သည်။

ပန်းကန်တွေ ဆေးနိုင်တာ၊ ပူဖောင်းထဲက သက်တံကလေးတွေ မြင်နိုင်တာ၊ နှင်းတောထဲမှာ စာကလေးတွေ ပျံသွားတာမြင်နိုင်တာ၊ ဒါတွေအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ဖူးပါသလား။ ဘုရားသခင်နှင့် ကံကြမ္မာကို ကျေးဇူးတင်ဖူးပါသလား။

ဘယ်လောက် ရှက်စရာကောင်းသလဲ။ ဒါတွေဟာ စိတ်ဝင်စားစရာကောင်းတာတွေမှန်းမသိခဲ့ကြ။ အလှအပတွေပေါင်းစုရာ ပတ်ဝန်းကျင်ထဲမှာနေနေပါလျက် ကြောင်တောင်ကန်းနေကြသည်။ အရသာခံရမှန်း၊ ခံစားရမှန်း မသိလောက်အောင် ထုံထိုင်းနေကြသည်။

သောကတွေ ကင်းလိုလျှင်၊ ဘဝကို ပျော်ရွှင်အောင်မြင်စွာနေလိုလျှင်

မင်္ဂလာတရားတွေ ပွားများ၊
ဒုက္ခတွေ မစဉ်းစားနဲ့။

**"လော်ဂန်ပီယာ ဘယ်လ် စမစ်သ်က "ဘဝမှာ ရည်မှန်းချက်ထားစရာ နှစ်ခုရှိတယ်။ ပထမတစ်ခုက ကိုယ်လိုချင်တာကို ကိုယ်ရဖို့၊ နောက်တစ်ခုက ကိုယ်လိုချင်တာကို ပျော်ပျော်ရွှင်ရွှင်ခံစားဖို့ပဲ။ ဉာဏ်ပညာအရှိဆုံးလူတွေသာ ကိုယ်လိုချင်တာကို ပျော်ပျော်ရွှင်ရွှင်ခံစားဖို့ ရည်မှန်းချက်ထားတတ်ကြတယ်" ဟုဆိုခဲ့"**

# "သံလွင်ရော တေးကဗျာ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသားတေးသံရှင်များက ပွဲစဉ် (၇) ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့အထိ အပတ်စဉ် သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိရာ ပွဲစဉ်(၃)ဖြစ်သည့် "သံလွင်ရော တေးကဗျာ" တေးဂီတဖျော်ဖြေပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရော၀တီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကရင်တိုင်းရင်းသား/ တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် စစံမင်း၊ စဝေလျှံကျော်၊ စနီသော်၊ စစေးအိုင်ခန့်၊ နန့်ပန်ပန်၊ နန့်မယ်ရီဂျူန်းနှင့် နန့်ဆောင်းနှင်းဖြူတို့က ဖြူစင်ရိုးသားပြီး ဧည့်ဝတ်ကျေပွန်လှသည့် ကရင်တိုင်းရင်းသားတို့၏ စိတ်ရင်းစေတနာ၊ ရိုးရာတူရိယာဖြစ်သည့် ဖားစည်သံနှင့်အတူ စည်းချက်ညီညီ၊ မြူးမြူးကြွကြွနှင့် သွက်လက်စွာ ကခုန်ကြသည့် ကရင်ဒုံးယိမ်းအက၊ ကရင်စာပေနှင့် ဘာသာစကားကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြပုံ၊ ရိုးရာပွဲတော်များကို အနှစ်သာရပြည့်ဝစွာနှင့် ဆင်နွှဲကျင်းပကြပုံများကို စပ်ဆိုထားသည့် တေးသီချင်းကောင်းများအား ကရင်၊ ဗမာ နှစ်ဘာသာဖြင့် ဒေသတွင်း နာမည်ရလာသည့် D9G Music Band ၏ တီးခတ်မှုနှင့်အတူ သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇန်နဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

---

✧ **MNL မှ**

ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရော၀တီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၁၄) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ရော၀တီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ် ရရှိထားသည်။

**ကိုညီလေး**

■

---

❂ **MFF မှ**

ကိုးမှတ်စီဖြင့် ဇယားထိပ်ဆုံးတွင် အပြိုင်ဖြစ်လာခြင်းဖြစ်သည်။ ပွဲစဉ် (၄) တွင် 7 Dragon အသင်းက Pacific Sun Far အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ရွှေပြည်သာယူနိုက်တက်အသင်းက 7 Brother အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ Black Cross အသင်းက Gold Dream အသင်းကို လေးဂိုး–နှစ်ဂိုး၊ JZ Yangon အသင်းက KKY အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ Maryar အသင်းက YCDC Marga Yoith အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ TG United အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၄) အပြီးတွင် TG United၊ JZ Yangon နှင့် 7 Dragon အသင်းတို့က ကိုးမှတ်စီ၊ Pacific Sun Far အသင်းက ခုနစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ခြောက်မှတ်၊ KKY အသင်းနှင့် Gold Dream အသင်းတို့က ငါးမှတ်စီ၊ Maryar အသင်းနှင့် Black Cross အသင်းတို့က လေးမှတ်စီ၊ လက်ဝဲသုန္ဒရအသင်း၊ 7 Brother အသင်း၊ YCDC Marga Youth အသင်းတို့က သုံးမှတ်စီ ရရှိထားသည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MFF**

---

✤ **ကျောဖုံးမှ**

ပရီမီယာလိဂ်အမှတ်ပေးဇယားပြိုင်ပွဲမှာတော့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ဆက်လက်ရပ်တည်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်မှာ စပါးအသင်းနဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ မတ် ၁၆ ရက်မှာ ကျင်းပမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

---

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

---

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၄–၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (A) တတိယနေ့ကို ဇန်နဝါရီ ၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် မလေးရှားကလပ် တီရန်ဂါနူးအသင်းကို အိမ်ကွင်း၌ ငါးဂိုးပြတ် အရေးနိမ့်ခဲ့သည်။

အဝေးကွင်း နှစ်ပွဲဆက်အရေးနိမ့်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ပထမဆုံးအိမ်ကွင်းပွဲတွင်လည်း ရလဒ်ပိုင်းပြောင်းလဲနိုင်ခြင်းမရှိဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သဖြင့် အုပ်စုမှထွက်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပင်နယ်တီနှစ်ကြိမ်ပေးခဲ့ရပြီး အနီကတ်နှစ်ဦး ထုတ်ပယ်ခံရသဖြင့် ပြိုင်ဘက်ကို ယှဉ်ကစားနိုင်ရန် ခက်ခဲသွားခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဟီရိုကီသည် ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ဖွဲခန့်မင်း၊ ဖွဲထက်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ခွန်ကျော်ဇင်ဟိန်း၊ မျိုးကိုထွန်း၊ ရင်တာရို၊ ဘာကာယိုကိုတို့ဖြင့် ပွဲထွက်လာသည်။ ပွဲအစ ၁၁ မိနစ်မှာပင် ကွင်းလယ်ဒိုင်လူကြီးက VAR ပြန်ကြည့်ပြီး တီရန်ဂါနူးအသင်းကို ပင်နယ်တီကန်ခွင့်ပေးခဲ့ရာ ဆာဖာဝီက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် တီရန်ဂါနူးအသင်းက ဆက်တိုက်ဖိကစားလာရာ ၂၅ မိနစ်တွင် မန်နျူရယ်အော့သ်၊ ၄၅+၇ မိနစ်တွင် ရာရှီးက ပင်နယ်တီမှတစ်ဆင့် ဂိုးများဆက်တိုက်သွင်းယူခဲ့ရာ ပထမပိုင်းအပြီးတွင် တီရန်ဂါနူးအသင်းက သုံးဂိုးပြတ်ဦးဆောင်နေသည်။ ၄၅+၃ မိနစ်တွင် ရှမ်းယူနိုက်တက်နောက်ခံလူ ဖွဲထက်မင်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသလို ၇၉ မိနစ်တွင်လည်း နောက်ခံလူ ဖွဲခန့်မင်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ နှစ်ယောက်လျော့သွားသည့် ရှမ်းယူနိုက်တက်အသင်းသည် ချေပဂိုးရရန် လုပ်မပြနိုင်ဘဲ ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်ပေးခဲ့ရသည်။ တီရန်ဂါနူးအသင်းအတွက် အနိုင်ဂိုးများကို ၆၄ မိနစ်တွင် မန်နျူရယ်အော့သ်နှင့် ၇၁ မိနစ်တွင် ရာရှီးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မလေးရှားကလပ် တီရန်ဂါနူးအသင်းက သုံးပွဲကစား လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် စတုတ္ထပွဲအဖြစ် ဇန်နဝါရီ ၂၂ ရက်တွင် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**ကိုညီလေး**

---

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အိမ်အမှတ်(၁၆၂၉)၊ မြေအကျယ်အဝန်း (အလျား ၁၀ပေx အနံ ၆၀ပေ)ရှိ (ပါမစ်)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးချစ်ရွှေ (HG–၂၄၇၆၁၀)**အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော **ဒေါ်သန်းသန်းဦး [၁၂/ဗတထ(နိုင်) ၀၀၈၉၇၅]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း– ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ (၆) လမ်း၊ အမှတ်– (၁၅၄/က) ဟုခေါ်တွင်သော နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၁)ခန်းတည်း (၆ ထပ်တိုက်) အဆောက်အဦ၏ စတုတ္ထထပ် (၅ လွှာ) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၇' ၆''x ၅၄')ရှိ တိုက်ခန်း (၁)ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်အိယုခိုင် [၁၂/လမန(နိုင်) ၁၃၆၁၃၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## နေပြည်တော်အုတ်စက်ရုံ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ကျောက်မီးသွေး ၂,၀၀၀ တန်အား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | အမျိုးအစား | ဝယ်ယူမည့်တန် | ရေငွေ့ပါဝင်မှုနှုန်း | အပူဓာတ်ပေးသည့်နှုန်း |
|---|---|---|---|---|
| (က) | ကျောက်မီးသွေး | ၂၀၀၀တန် | < ၁၂% | 5000 K Cal/Kg, 9000 Btu/Lb |

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၆-၁-၂၀၂၅
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၁-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည် -
- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား - တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၉-၇၉၇၈၈၆၆၇၈၊ ၀၉-၇၆၀၁၅၅၇၂၉

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ(၂)လမ်း၊ အမှတ်(၃၈/C) ဟုခေါ်တွင်သော ၂-ခန်းတွဲ (၅)ထပ်တိုက်၏ ၅-လွှာ၊ အကျယ်အဝန်း (၁၃ ပေ x ၅၀ပေ) ဒါဘာခေါင်းရင်းဘက် (တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ တွယ်ကပ်တပ်ဆင်ထားသည်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ၁။ ဦးကျော်သူထိုက် [၁၂/အစန (နိုင်)၁၇၄၃၄၂]၊ ၂။ ဒေါ်အေးသန္တာ [၁၂/ထတပ(နိုင်)၀၈၂၁၆၄]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီခင် [၁၄/ဟသတ(နိုင်)၁၉၅၈၉၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးမြင့်အောင် | ဦးကျော်ဇေယျာထွန်း | ဒေါ်အိမွန်ကျော် | ဒေါ်မေနှင်းဖြူ |
|---|---|---|---|
| (စဉ်-၅၅၈၆၉) | (စဉ်-၅၅၇၉၇) | (စဉ်-၅၅၈၃၉) | (စဉ်-၅၆၅၁၇) |
| (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) |

**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၅၅၁၀၀၈၆၃၊ ၀၉-၄၂၈၀၄၃၇၃၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာအိမ်ရာစီမံကိန်းရှိ (၆)ခန်းတွဲ (၂)ထပ်၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၀၄)အား မူလအမည်ပေါက် ဦးအေးမင်း [၁၂/ပဇတ(နိုင်)၀၀၂၆၃၉] ထံမှ စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ဝင်းမာဦး [၁၂/ဒပန(နိုင်)၀၂၁၂၁၇]က ၎င်း၏အမည်သို့ ပြောင်းလဲ၍ တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

**ကြီးမြန်သစ်ပင်**
**စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ**
**ပြည်လည်းလှ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ မြေကွက်အမှတ်(၆၉/က)ဟုခေါ်တွင်သော အမှတ်(၆၉/က)၊ အောင်ချမ်းသာလမ်း၊ ပန်းခြံ(၁၆)၊ (ဏ/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့ မြေစာရင်းတွင် **ဦးဇော်မင်း (MAG-၁၀၆၆၃၅)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ခင်ပွန်းဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ **ဒေါ်သိန်းသိန်းငွေး [၅/မရန(နိုင်) ၀၆၃၅၈၇]** မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇ )ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်စုစုလှိုင်(LL.B) | ဒေါ်ချန်ပေါင်လူး(LL.B) |
|---|---|---|
| (စဉ်-၁၁၄၀၆) | (စဉ်-၅၅၅၆၃) | (စဉ်-၅၆၄၉၈) |
| တရားလွှတ်တော်ရှေ့နေ | ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး(LL.B) | |
| | (စဉ်-၅၆၆၆၂) | |
| | အထက်တန်းရှေ့နေများ | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့နယ်၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ဦးပိုင်အမှတ်(၁၀၆)၊ မြေချိန်ဧရိယာ(၀.၀၃၄)ဧကရှိ မြေကွက်နှင့်အဆောက်အဦကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်သန်းနှင့် မဇမာဘီ(ခ)ဒေါ်သန်းမြင့်တို့ ကွယ်လွန်၍ ပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ်(၄၆၅/၂၀၂၃)အရလည်းကောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ်(၄၆၆/၂၀၂၃)အရလည်းကောင်း၊ သားသမီးဖြစ်သော (၁) ဦးဝင်းနိုင်၊ (၂) ဦးအောင်မြင့်၊ (၃) ဒေါ်ညိုညိုသန်း၊ (၄) ဦးအောင်သိန်း၊ (၅) ဦးအောင်ဝင်း၊ (၆) ဒေါ်အေးအေးထွေးတို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပြီး ၎င်းတို့ထံမှ အိမ်နှင့်မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်-၅၇/၂၀၂၄ အရ ဦးအာရစ်(ဖ)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါအိမ်မြေကွက်ကို ဦးအာရစ်(ဖ)မှ ဦးစိန်ဝင်းနှင့် ဦးစိန်ထွန်းတို့နှစ်ဦးထံသို့ အိမ်နှင့် မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်(၄၉၀/၂၀၂၄)ဖြင့် ရောင်းချခဲ့ပြီးဖြစ်ပါ၍ ဦးစိန်ဝင်းနှင့် ဦးစိန်ထွန်းတို့နှစ်ဦးမှ ၎င်းတို့၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အမည်ပြောင်းလဲပေးရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

---

## မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း မှတ်ပုံတင်အမှတ်(၁၁၃၄၇၁၉၇၂)၊ ရန်ကုန်တိုင်းဒေသကြီး

**၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ်အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကျင်းပရန် လစ်လပ်နေသော အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းများအား ဖိတ်ခေါ်ခြင်း**

ယခုကြော်ငြာပါသည့်နေ့မှစ၍ ရန်ကုန်တိုင်း အလုပ်အမှုဆောင်ကိုယ်စားလှယ်လောင်း လျှောက်ထားနိုင်မှုကို (၁၅-၁-၂၀၂၅)နေ့အထိ လျှောက်လွှာများကို ကိုယ်တိုင်ကိုယ်ကျလာရောက်ထုတ်ယူလျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လစ်လပ်လျက်ရှိသော တိုင်းအဆင့် အလုပ်အမှုဆောင် ရွေးချယ်ပွဲကို (၂၅-၁-၂၀၂၅)နေ့တွင် ပွင့်လင်းမြင်သာစွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ကျင်းပမည့်နေရာနှင့် အချိန်ကိုလည်း ထပ်မံကြော်ငြာ၍ ဆက်လက်ဖိတ်ကြားသွားမည်ဖြစ်ပါသည်။

အောက်ပါအရည်အချင်းနှင့် ပြည့်စုံသောအသင်းဝင်များသည် အောက်ဖော်ပြပါ အသင်းရုံးလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်-

၁။ လျှောက်ထားသူများသည် အသင်းဝင်(က/ခ)အဆင့်နှင့် အသင်းဝင်သက်တမ်း (၃)လပြည့်ပြီးသူဖြစ်ရမည်။
၂။ လျှောက်ထားချိန်တွင် ရာဇဝတ်ပြစ်မှုဖြင့် တရားစွဲဆိုခြင်းခံရသူမဖြစ်စေရ (ကိုယ်တိုင်ဝန်ခံချက်ပါရှိရမည်)
၃။ နှစ်စဉ်ကြေး၊ ကြွေးကျန်မရှိဘဲ ၂၀၂၄ခုနှစ်အထိ အသင်းသားနှစ်စဉ်ကြေး ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။
၄။ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုမိတ္တူ၊ ပတ်(စ်)ပို့ဓာတ်ပုံတစ်ပုံ ပါရှိရမည်။
၅။ တိုင်းအလုပ်အမှုဆောင်ရွေးချယ်ပွဲသို့ (၂၅-၁-၂၀၂၅)ရက်နေ့တွင် အသင်းဝင်သက်တမ်း (၃)လပြည့်ပြီးသော အသင်းဝင်များအားလုံး တက်ရောက်မဲပေးနိုင်ပါသည်။

ကျင်းပမည့်နေရာနှင့် အချိန်ကို အသင်းဝင်များအားလုံး သိရှိစေရန် ထပ်မံကြော်ငြာ ဖိတ်ကြားပါမည်။

ကိုယ်စားလှယ်လောင်း အမည်စာရင်းအား (၁၆-၁-၂၀၂၅) နေ့မှစတင်၍ သက်ဆိုင်ရာ ရန်ကုန်တိုင်းရုံး၊ ဗဟိုရုံးများတွင် ကြော်ငြာသင်ပုန်း၌ ကြော်ငြာပေးပါမည်။ ကိုယ်စားလှယ်လောင်းများနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်တင်ပြစာကို (၂၂-၁-၂၀၂၅)ရက်နေ့၊ (၁၅:၀၀)နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါရုံးခန်းတွင် အကျိုးအကြောင်း ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်တင်ပြနိုင်ပါသည်။ ပုဂ္ဂိုလ်ရေးအကြောင်းပြ၍မဟုတ်ဘဲ အထောက်အထား မှန်ကန်စွာဖြင့် ကန့်ကွက်ပါက သေချာစွာစိစစ်၍ ခွင့်ပြုမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော ကန့်ကွက်စာများကို လက်ခံမည်မဟုတ်ပါ။

| | |
|---|---|
| လျှောက်လွှာတင်သွင်းရမည့်လိပ်စာ | - မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) အမှတ်(၂၄၈/ဘီ)၊ (၄လွှာ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| လျှောက်လွှာလက်ခံချိန် | - ၁၀:၀၀ မှ ၁၅:၀၀ နာရီထိ |
| လျှောက်လွှာများကို | - ဒေါ်ဝေဝေမိုး ၀၉-၇၇၀၆၇၂၆၉၉ တို့ကိုဆက်သွယ်ပြီးလာရောက်ထုတ်ယူနိုင်ပါသည်။ |

**ဥက္ကဋ္ဌ**
**ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်**
**မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၀၊ မြေကွက်အမှတ်-၁၃၁၊ အကျယ်အဝန်း (၄၀ x ၆၀) ပေ၊ (၂၄၀၀) စတုရန်းပေရှိ ဒေါ်တင်စိန်အမည်ပေါက် (ပါမစ်မြေအမျိုးအစား) မြေကွက်အား အရောင်းအဝယ်အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ **ဦးညွန့်ဦး [၇/ဝမန(နိုင်)၁၀၇၅၃၃]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်စောယုမွန် [၁၀/မလမ(နိုင်)၀၀၀၂၁၃]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်မွေးမွေးမြင့်(LL.B) | ဒေါ်မြင့်မြင့်မူ (LL.B) | ဒေါ်ပြည့်ဖြိုးအောင် (LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၆၈၃၇) | (စဉ်-၅၀၇၇၄) | (စဉ်-၅၁၇၃၆) |

**အမှတ်-၃၉၂၊ မြေညီထပ်/ဘီ၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-09-771278937, 09-420214457, 09-450697978**

---

**စာအုပ်စာပေ လူ့မိတ်ဆွေ**

---

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အင်းစိန်မြို့နယ်၊ အဆင့်မြင့်လက်ကားဈေး (တညင်းကုန်း) စီမံကိန်းမှ ၂-ခန်းတွဲ ၃-ထပ်တိုက် Shop House ဆိုင်ခန်းအဆောက်အဦ(၁၀)လုံးအား တင်ဒါခေါ်ယူရောင်းချရန်အတွက် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၁၀-၁-၂၀၂၅ ရက်မှ ၂၄-၁-၂၀၂၅ ရက်နေ့ထိ |
| ၃။ တင်ဒါလျှောက်လွှာရောင်းချမည့် နေရာနှင့် တင်သွင်းရမည့်နေရာ | - မြို့တော်ခန်းမ(ဒုတိယထပ်) ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန |
| ၄။ တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက် | - ၃၀-၁-၂၀၂၅ (ကြာသပတေးနေ့) ၁၃:၀၀ နာရီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်းမှ
## မြေနှင့်အဆောက်အဦငှားရမ်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ အောက်ပါမြေနေရာများနှင့် အဆောက်အဦများအား ပုဂ္ဂလိကသို့ ငှားရမ်းရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဒေါ်မြနုစ်လမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၁၉)ရှိ မြေ(၁.၂၈)ဧကနှင့် အဆောက်အဦ
(ခ) ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊(၁၂)ရပ်ကွက်၊စက်မှုဝန်ထမ်းအိမ်ရာ၊ ဘာတာဝင်း အနီးရှိ မြေ(၀.၂၆၉)ဧကနှင့်အဆောက်အဦ
(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းလမ်းဆုံအနီး၊ အောင်ဇမ္ဗူရိပ်သာ လမ်းသွယ်ရှိ (၅၀'x၇၅'x၁၆')အကျယ်ရှိသော ဂိုဒေါင်(၁)လုံး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က) တင်ဒါပုံစံများစတင်ရောင်းချမည့် ရက်/နေရာ | - ၁၃ -၁-၂၀၂၅(တနင်္လာနေ့) ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း |
| (ခ) တင်ဒါပိတ်မည့်ရက်/အချိန် | - ၂၇ -၁-၂၀၂၅( တနင်္လာနေ့) ၁၆:၀၀ နာရီ |
| (ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် | - ကြေညာပေးပါမည်။ |
| (ဃ) တင်ဒါတင်သွင်းရမည့်နေရာ | - ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါး လုပ်ငန်း၊တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊နေပြည်တော် |

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များဖြင့် စုံစမ်းနိုင်ပါသည်-

(က) မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန
ဖုန်း- ၀၆၇၃-၄၀၈၂၀၅၊ ၀၆၇၃-၄၀၈၁၈၇

---

## "(၂၆-၁၂-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)၌ ဒေါ်မေသူလွင်၊ ဒေါ်ကြည်ကြည်အေး၊ ဦးတင်မောင်မြတို့၏ ကြော်ငြာကို ကန့်ကွက်ရှင်းလင်းကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-ကံဘဲ့)၊ မြေကွက်အမှတ်(၂၉/ခ)၊ (၁၃)ရပ်ကွက်၊ ဓမ္မာရုံလမ်းသွယ်၊ မြေအကျယ်အဝန်း(၁၂၉ ပေ x ၅၀ ပေ)ရှိ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အစိတ်အပိုင်းများခွဲ၍ အမည်ပေါက်ဖြစ်သူ ဒေါ်အေးမြင့်ထံမှ ၁။ ဦးသန်းထွန်းနှင့် ဒေါ်စိန်စိန်တို့သည် (၂၁-၆-၁၉၈၃) ရက်နေ့တွင်လည်းကောင်း၊ ဦးတင်ထွန်းမှ (၆-၉-၁၉၇၀) ရက်နေ့တွင်လည်းကောင်း၊ ဦးပီတာစိန်ထွန်းမှလည်း (၄-၂-၁၉၈၂) ရက်နေ့တွင်လည်းကောင်း အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူ၍ လက်ရောက်နေထိုင်ခဲ့ကြပြီးနောက် ဦးထွန်းမြင့်သည် ဦးသန်းထွန်းနှင့် ဒေါ်စိန်စိန်တို့ထံမှ မြေတစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ဒေါ်ခင်ယုသည်လည်း ဦးတင်ထွန်းထံမှ မြေတစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ဦးအေးမြင့်သည်လည်း ဦးပီတာစိန်ထွန်းထံမှ မြေတစ်စိတ်တစ်ဒေသကိုလည်းကောင်း အသီးသီး တစ်ဆင့်ပြန်လည်ဝယ်ယူ၍ လက်ရောက်နေထိုင်ခဲ့ကြပါသည်။

ထိုသို့နေထိုင်လာရာမှ (၁၀-၃-၂၀၀၃)ရက်နေ့တွင် မီးလောင်ပျက်စီးခဲ့ပြီး ထိုမြေနေရာမှပြောင်းရွှေ့ခဲ့ရပါသည်။ ထို့နောက်ပိုင်းတွင် ယင်းမြေပေါ်တွင် ပြန်လည်နေထိုင်ရန်အတွက် ဆောင်ရွက်ရာတွင် ဒေါ်မေကြည်လွင်၊ ဒေါ်သီသီအေးနှင့် ဦးခင်မောင်မြတို့မှ တားဆီးနှောင့်ယှက်သဖြင့် ပြန်လည်နေထိုင်ခွင့်မရရှိခဲ့ပါ။ ယခုအခါ ဦးသန်းထွန်းကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်စိန်စိန် ကျန်ရစ်ခဲ့ပြီး ဦးတင်ထွန်း ကွယ်လွန်ပြီးနောက်လည်း သားဖြစ်သူ ဦးသူရထွန်းမှ အမွေဆက်ခံ ကျန်ရစ်ခဲ့ပါသည်။ ဦးပီတာစိန်ထွန်း ကွယ်လွန်ပြီးနောက်တွင်လည်း သမီးဖြစ်သူ ဒေါ်နီလာဦးမှ ဆက်လက်၍ အမွေဆက်ခံ ကျန်ရစ်ခဲ့ပါသည်။ ယခုအခါအဆိုပါမြေအား ဒေါ်မေကြည်လွင်၊ ဒေါ်သီသီအေးနှင့် ဦးခင်မောင်မြတို့မှ ရောင်းချရန် (၂၆-၁၂-၂၀၂၄) ရက်နေ့ ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း ကြေညာထားသည်ကို ကျွန်ုပ်၏မိတ်ဆွေများမှ ဖတ်ရှုရပါသဖြင့် အဆိုပါမြေသည် ကျွန်ုပ်၏မိတ်ဆွေ(၆)ဦးမှ အမည်ပေါက်ဖြစ်သူ ဒေါ်အေးမြင့်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသော မြေဖြစ်၍ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချပိုင်ခွင့် မရှိကြောင်း ကန့်ကွက်ကြေညာအပ်ပါသည်။

| | |
|---|---|
| **၁။ ဒေါ်စိန်စိန်** [၁၂/ရကန(နိုင်)၀၄၈၂၃၇] | **၄။ ဦးထွန်းမြင့်** [၁၂/ရကန(နိုင်)၀၀၂၁၈၃] |
| **၂။ ဦးသူရထွန်း** [၁၂/ရကန(နိုင်)၀၆၈၃၈၈] | **၅။ ဒေါ်ခင်ယု** [၁၂/ရကန(နိုင်)၀၄၅၄၇၆] |
| **၃။ ဒေါ်နီလာဦး** [၁၂/ရကန(နိုင်)၀၄၇၂၄၇] | **၆။ ဦးအေးမြင့်** [၁၂/လမန(နိုင်)၀၅၀၃၂၂] တို့၏ |

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**Ph: 09-783535003**

## စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

မော်လမြိုင်ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်မှ သချာ်အထူးပြု ကျောင်းသား/ကျောင်းသူဟောင်းများက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် အသက် (၆၃)နှစ်ပြည့်ပြီးသူ အငြိမ်းစား ဆရာ/ဆရာမများအား အာစရိယပူဇော်ပွဲ အခမ်းအနားကို ၁၅-၂-၂၀၂၅ (စနေနေ့) နံနက် ၉ နာရီတွင် မော်လမြိုင်တက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံသချာ်အထူးပြု အငြိမ်းစား ဆရာ/ဆရာမများနှင့် ကျောင်းသား/သူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အောက်ပါ (Kpay)ဖုန်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

**ဆက်သွယ်လှူဒါန်းလိုပါက**- ဦးမင်းသန်း (ဥက္ကဋ္ဌ) 09-5060305၊ ဦးမျိုးမြင့် 09-5167033၊ ဦးနေလင်းထူး 09-429811000၊ ဦးဆန်းချိုနိုင် 09-43121855၊ ဒေါ်အေးအေးဖြိုး 09-255807165

## "တိုက်ခန်း"ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

**ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့အောင် [၁၂/ဥကတ(နိုင်)၁၈၆၈၈၉] သည် "ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ (၃)လမ်း၊ အမှတ်-(၁၂/က)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (မြေညီထပ်/ခြေရင်းခန်း) ဟုခေါ်တွင်သော အကျယ်(၁၃ပေခွဲx ၄၅ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးသော်တာလွင် (ဘ) ဦးမြင့်လွင် [၁၃/ရဝန(နိုင်) ၀၅၀၉၁၇] ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း(LL.B) (စဉ်- ၁၄၅၉၈)   ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## "ဦးအောင်နိုင်ထွန်း (ခ) One Way [၁၄/ဝခမ(နိုင်)၂၇၉၈၀၃]နှင့် သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၅၆)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် (၅၃၀)နေ ဒေါ်အိသဲဖြူအောင် [၁၂/ဒဂရ(နိုင်)၀၂၄၉၁၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လူကြီးမင်းဦးအောင်နိုင်ထွန်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့ (၆-၃-၂၀၁၆)ရက်နေ့တွင် မင်္ဂလာဆောင်ခံပွဲပြုလုပ်ခဲ့ကြပြီး (၆)နှစ်ပေါင်းသင်းခဲ့ကြပါသည်။ လူကြီးမင်း၏ လူမှုရေးကိစ္စများကြောင့် စိတ်သဘောထားမတိုက်ဆိုင်ပါသဖြင့် (၁၅-၃-၂၀၂၂) မှစ၍ လမ်းခွဲခဲ့ကြပြီး ထိုနေ့မှစ၍ ယနေ့ထိတိုင် ပြန်လည်ပေါင်းသင်းနေထိုင်ခြင်းမရှိ၊ လင်ခန်း မယားခန်း၊ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြအေး (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၃၅)**
**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၁၀၇၅၇၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၆)၊ မြေကွက်အမှတ်(၁၂/၄)၊ အကျယ်အဝန်း (အလျား ၅၁ပေx အနံ ၆၅ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမြတ်သူ [၁၂/လမတ(နိုင်) ၀၃၁၁၂၇]မှ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင် [၈/ရစက(နိုင်)၂၆၃၀၃၃]မှ အပြီးအပြတ်ဝယ်ယူရန် (၇-၁-၂၀၂၅)နေ့တွင် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၃-၁-၂၀၂၅)ရက်နေ့အထိ တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနခင်   တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၅၂၉)**
**ရုံးခန်းလိပ်စာ-တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊ မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၀၉၇၇၇၁၇၊ ၀၉-၈၉၇၁၃၉၆၃၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ လေှာ်ကားလမ်း၊ မြေကွက်အမှတ်(၇၉)၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဇနီးသေဆုံး၍ အမွေဆက်ခံခွင့်ရှိသူ ခင်ပွန်းဦးကြည်ဝင်း [၁၂/မရက(နိုင်)၀၂၆၀၅၉]မှ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပြတ်ဝယ်ယူရန် (၇-၁-၂၀၂၅)နေ့တွင် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၃-၁-၂၀၂၅) ရက်နေ့အထိ တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနခင်   တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၈၅၂၉)**
**ရုံးခန်းလိပ်စာ-တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊ မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၀၉၇၇၇၁၇၊ ၀၉-၄၃၁၀၇၁၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅ အယ်လ် ၃၁)၊ မြေကွက်အမှတ်(၂၂၆)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဒေါ်ခင်တာ (MGDN-၀၀၇၃၇၅)** အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူမှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူ ပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ **ဦးချစ်အေးစန်း [၁၂/ဒဂတ(နိုင်) ၀၂၄၇၇၇]**မှ ၎င်းလက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်းဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မင်းသူနိုင်ဖြိုး** | **ဒေါ်စုစုမွန်** |
| **[LL.B,D.I.P.L, DL-101 WIPO(Switzerland)]** | **[LL.B,D.B.L,D.I.L,D.I.P.L, DL-101 WIPO(Switzerland)]** |
| **[တရားလွှတ်တော်ရှေ့နေ]** | **[တရားလွှတ်တော်ရှေ့နေ]** |
| **(စဉ်-၁၂၈၄၆)** | **(စဉ်-၁၃၄၉၆)** |

**ဖုန်း- ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်- ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ် (၆၉)မောင်ငံ၊ ဦးပိုင်အမှတ် (၁၃၆)၊ ဧရိယာ (၀.၀၆၅)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနမှတ်ပုံတင် (၁-က)စာရင်းတွင် ဒေါ် အေးအေးသန်း အမည်ပေါက်ပါသည်။ ဒေါ်အေးအေးသန်းထံမှ ဒေါ်အေးအေးမူက မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်နှင့်ဂိုဒေါင်ဟောင်းအဆောက်အဦအပြီးအပိုင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်အမှတ်- ၃၈၆/၂၀၂၄ အရ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ ဒေါ်အေးအေးမူက ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာစာပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်အေးအေးမူ အမည်သို့အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၃)၊ လူနေရပ်ကွက်အမှတ်-(၅/၇)၊ ငုဝါလမ်း၊ အမှတ်-(၁၄/က)၊ အကျယ်ပေ-(၂၀x၆၀)၊ ဧရိယာ-(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ ဦးစိုးတင့် အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ (၂)ထပ်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ အိမ်မြေအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ထွက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးစိုးတင့် [၁၂/အစန(နိုင်) ၁၈၃၆၂၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်းဦး [၁၂/လမန(နိုင်) ၀၇၀၁၉၇] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်လင်းဦး** | **ဒေါ်အေးသန္တာစိုး( LL.B )** |
| **[၁၂/လမန(နိုင်)၀၇၀၁၉၇]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၀)** |
| | **အမှတ်- ၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း- ၀၉-၄၂၀၂၀၄၆၅၄** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅/သမိုင်း၊ မြေကွက်အမှတ်- ၇/ခ.၃/A၊ ဧရိယာ ၀.၀၇၆ ဧက၊ မြေကွက်တည်နေရာအမှတ်- ၃၅/ဒီ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးရဲမြတ်ဟိန်း) [၉/မထလ(နိုင်)၁၆၈၉၇၃] အမည်ပေါက် B မြေပိုင်မြေ မြေအား အမည်ပေါက် ဦးရဲမြတ်ဟိန်းမှ မိမိတရားဝင်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့်ပတ်သက်သည့် မြေပိုင်မြေ (အရောင်းဝယ်)စာချုပ်၏ နောက်ဆက်တွဲပါ မိမိအမည်ဖြင့် အမည်ပေါက်မှတ်သားဖော်ပြထားသော အမည်ပေါက်လွှဲပြောင်းခြင်းစာရွက်မှာ မိမိ၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်း၊ အဆိုပါ မြေကွက်နှင့် မြေပိုင်မြေစာချုပ်မူရင်းမှာ မိမိ၏လက်ဝယ်တွင်ရှိပါကြောင်း၊ အခြားသူတစ်ပါးထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းတို့မရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်- ၄၇/၃-၁-၂၀၂၅၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (အီး၊ ၁၃/၁၅၇)ရပ်ကွက်၊ မြေကွက်အမှတ်-(၁၂၇၂)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ ပါမစ်အမျိုးအစားမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မြေချပါမစ်၌ **ဦးပေါ(CK-၀၂၁၂၃၇)** အမည်ပေါက် မြေချပါမစ်ဖြစ်ကြောင်း၊ ရောင်းသူမှ အဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်းပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးညာဏ်လင်းထွန်း [၁၂/ဒဂရ(နိုင်)၀၂၄၇၀၅]၊ ဒေါ်ပွင့်ဦးခင်[၁၂/အလန(နိုင်) ၀၄၈၂၄၄]**တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L, D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ထ(ခွဲ) လ(၁၀) မြောက်ဥက္ကလာပကျောင်း၊ Grade (3)မှ မဇင်မာနွယ်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ထွန်း [၇/ဖမန(နိုင်) ၁၇၆၉၁၁] ဖြစ်ပါသည်။

## "ကွာရှင်းပြတ်စဲပြီးကြောင်း အသိပေးကြေညာချက်"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မူယာသိန်းဟန်[၁၄/ဟကက(နိုင်) ၀၀၆၄၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မူယာသိန်းဟန် [၁၄/ဟကက(နိုင်) ၀၀၆၄၃၂]နှင့် ဦးအောင်ခိုင်ဦး [၁၄/ပပတ (နိုင်) ၁၄၀၀၅၇]တို့သည် (၅- ၁-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး၍ နောက်နောင်တွင် ဦးအောင်ခိုင်ဦးနှင့်ပတ်သက်သော ကိစ္စရပ်များအား တာဝန်မယူကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မူယာသိန်းဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာစိုး LL.B,WIPO(switzerland)**
**အထက်တန်းရှေ့နေ(စဉ် -၃၈၂၀၈)**
**အမှတ်(၉၆/၉၈) (၅-ဘီ)၊ ဂန္ဓမာကံမြင့်ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## passport ပျောက်

အဖ ဦးရွှေရီ၏ သမီးဖြစ်သူ ဒေါ်ပပ မှတ်ပုံတင်အမှတ် [၁၂/မရက (နိုင်) ၁၂၉၁၄၄]၏ passport (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ဖုန်း- 09-964907265**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ဆိုင်ခန်းအမှတ် (တ-၈၆)၊ ဆိုင်ခန်း (၁)ခန်းအား ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဆရာတင်လမ်း၊ အိမ်အမှတ်(၉/၇၃၉)နေ ဦးသန်းထွန်း [၁၂/သဃက(နိုင်) ၀၃၁၆၄၈] အမည်ပေါက် ပိုင်ဆိုင်ပြီး ဇမ္ဗူသီရိမြို့နယ်၊ သုခတော်ဝင်အိမ်ရာ၊ တိုက်(C-9)၊ အခန်း (၂၃)နေ ဦးရာနူး (ခ)မောင်နူး [၁၂/ပဘတ (နိုင်) ၀၀၁၀၉၆]သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**

**အင်းစိန်ခရိုင် တရားရုံးတော်**

**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၄ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၉၉ ။**

| | | |
|---|---|---|
| **ဒေါ်မော်မော်ကြည်** } | နှင့် | { **ဦးမျိုးဇော်** |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

**ဦးမျိုးဇော်၊ အမှတ်(၁၁၀၂)၊ ခရေလမ်းသွယ်(၁)လမ်း၊ အလယ်ရွာအုပ်စု၊ မြေတိုင်း(၂၂)၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ**အား သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၄ တွင် ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င) ရပ်ကွက်၊ ဘောဂဗလလမ်း၊ မြေကွက်အမှတ် (ဂ/၁) ဟုခေါ်တွင်သည့် အလျား(၃၆)ပေx အနံ(၃၆)ပေရှိ ဦးတင်ရီ အမည်ပေါက် ဘိုးဘပိုင်မြေအမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေနှင့် သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဖြူသင်းနု [၁၂/ကမရ(နိုင်) ၀၆၀၈၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာလင်း [၁၂/ရကန(နိုင်) ၀၆၅၄၀၀]က (၇-၁-၂၀၂၅)ရက်စွဲပါ **"နှစ်ဦးသဘောတူ မြေကွက်နှင့် အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်နှင့် အဆောက်အအုံနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန္တာလင်း၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ပြုလုပ်လာပါက ပြုလုပ်သူအပါအဝင် ပါဝင်ကူညီသူများအား ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန္တာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသီဟ (LL.B)   အထက်တန်းရှေ့နေ (စဉ်-၅၂၁၂၇)**
**အမှတ်-၂၄၊ အေးသိဒ္ဓိရိပ်သာ (၂)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၂၅၄၇၁၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၊ မြေကွက်အမှတ်-၅၉၉၊ မြေကွက်တည်နေရာ အမှတ်- ၅၉၉၊ ရှင်သိဒ္ဓတ် (၁၀)လမ်း၊ (၇)ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သန်းရွှေ(BV-၀၁၈၂၇၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်သန်းရွှေ ကိုယ်တိုင်မှ ဂရန်၊ နိုင်/ကတ်၊ obj၊ ဝန်ဆောင်ခ တို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာမှုအပေါ် စိစစ်ရာတွင် မြေစာရင်းမှတ်ချက်(၁)ရှိ (၂၀၀၉)ခုနှစ်တွင် ဒေါ်မိမိထွေး၏ ကန့်ကွက်ချက်အား မှတ်သားထားသဖြင့် ကန့်ကွက်ချက်အား ရှင်းလင်းပေးပါရန် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ (၁၀-၁၀-၂၀၂၄)ရက်စွဲပါ ဝင်စာအမှတ် (၁၃၁၄၆)ဖြင့် ကန့်ကွက်သူ ဒေါ်မိမိထွေး ကို မသိရှိပါကြောင်းနှင့် ဂရန်မူရင်းနှင့် ယင်းမြေကွက်အား မိမိလက်ဝယ်တွင်ရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့မရှိပါကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်(၁၂၇၃)ပေါ်တွင် ဆောက်လုပ်ထားသည့် ဒုတိယထပ်၊ အကျယ်အဝန်း (၂၁ ပေ x ၅၃ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား **ဒေါ်ရတနာဝင်းသူ [၇/ညလပ(နိုင်)၁၆၆၇၆၆]**မှ မိမိဝယ်ယူ ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မွန်မွန်ချို (LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈၉)၊ မြေကွက်လိပ်စာ–အမှတ်(၈၉)၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေအကျယ်အလျား(၄၀)ပေ x အနံ(၅၀)ပေ၊ ဧရိယာ(၂၀၀၀)စတုရန်းပေရှိ **ဒေါ်မိုးပပသဲ[၁၂/ဥကမ(နိုင်)၂၃၄၂၀၂]အမည်ပေါက်** နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူ **ဒေါ်မိုးပပသဲ[၁၂/ဥကမ(နိုင်)၂၃၄၂၀၂]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နီလာဝင်း [၁၂/ဒဂန(နိုင်)၀၂၉၈၈၃]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၀၇)**

**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၀၄၀၆၉၄၊ ၀၉–၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–27–B၊ မြေကွက်အမှတ်–၃၅ အီး/၁–ဘီ/၁၊ ဧရိယာ(၀.၀၃၂)ကေအကျယ်ရှိ ဒေါ်နှင်းယဉ်နွယ်[၁၂/လမတ(နိုင်)၀၀၀၉၄၅]အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်–၃၅၊ E–1/ဘီ၊ ခေတ္တာလမ်း၊ သီရိ ခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ အမည်ပေါက် ဒေါ်နှင်းယဉ်နွယ်[၁၂/လမတ(နိုင်)၀၀၀၉၄၅]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက်အထား ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**

**ဖုန်း–၀၉–၄၃၁၃၃၉၉၀၊ ၀၉–၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၆–ရျေ၊မြေကွက်အမှတ်–၁၁၃ အိပ်ချ်/၄(လမ်း)၊ဧရိယာ(၀.၀၈၅)ဧက၊မြေကွက်တည်နေရာအမှတ်(၆)၊ကမ္ဘောဇလမ်း၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ဒေါ်အမာနီ(၁၂/ဗဟန(နိုင်)၀၇၃၄၀၆)အမည်ပေါက်မြေပိုင်မြေအားအမည်ပေါက်(မိခင်)ဒေါ်အမာနီသည်(၁၆–၁၀–၂၀၂၀)ရက်နေ့နှင့်(ဖခင်)ဦးတင်ဝင်းသည်(၁၂–၁၂–၂၀၀၉)ရက်နေ့တို့တွင်အသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်သောဒေါ်မိမိဝင်း(၁၂/ဗဟန(နိုင်)၀၉၄၈၀၄)၊ဦးဝင်းမောင်(၁၂/ဗဟန(နိုင်)၀၁၇၄၀၇)တို့မှသားသမီးအရင်းများဖြစ်ပြီးငင်းတို့မောင်နှမ(၂)ဦးတည်းကိုသာမွေးဖွားခဲ့ပြီးငင်းတို့မှလွဲ၍အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းနှင့်အမွေစားအမွေခံကတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်းမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းအလုံခရိုင်တရားရုံးစာအမှတ်–၈၃၉/၂၀၂၄(၈–၁၀–၂၀၂၄)ရက်နေ့ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဒေါ်အမာနီနှင့်ဦးတင်ဝင်းတို့၏သေဆုံးမှုလက်မှတ်များ၊အိမ်ထောင်စုလူဦးရေစာရင်း၊၂၀၁၁–၂၀၁၂ခုနှစ်သုံးခွဲစိတ်တိုင်းတာသည့်မြေပုံ၊အမည်ပေါက်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်–၅၆၉၄/၂၀၁၁(၁၅–၉–၂၀၁၁)၊အမှားပြင်စာချုပ်အမှတ်–၉၅၆/၂၀၁၂(၂၁–၂–၂၀၁၂)၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် အသုံးပြုမည့် Scientific Calculator များကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈–၁–၂၀၂၅ ရက်နေ့မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂–၁–၂၀၂၅ ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်းနံပါတ်–၀၆၇–၃၄၀၇၇၂၆၊ ၀၆၇–၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပညာရေးဝန်ကြီးဌာန**

## အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းမှ ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၁၀၈) နေ **ရန်မေကြူ (ခ) ဒေါ်မိုးမိုးအေး** (၁၃/လရန (နိုင်) ၀၆၅၁၃၂) (ဘ) ဦးရန်ကျိုန်ဆင်၏ လွှဲအပ်ညွှန်ကြားချက်အရ–

**ရန်မေကြူ (ခ) ဒေါ်မိုးမိုးအေး** မှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ အမှတ် (စီ–၂) နေ **ဒေါ်အေးကြူ (ခ) မာရှန်း** (၁၃/လရန (နိုင်) ၀၆၁၃၉၈) (ဘ) ဦးရန်တီရှင်း အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၉၁၄/၂၀၂၄/၁၅၄၄) (၁၇–၇–၂၀၂၄) ရက်စွဲဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအားပေးခဲ့သည်။ အဆိုပါ ကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ရန်မေကြူ (ခ) ဒေါ်မိုးမိုးအေး** မှ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခိုင်မာဝင်း LL.B တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၆၈/၂၀၁၂)**

**အမှတ် (၉/၁၁)၊ (၃၆) လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉ ၄၄၂၅၈၈၀၃၅၊ ၀၉ ၇၇၁၈၄၆၇၇၈**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃၆ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၆၅

Star Moe Yan Distribution Co.,Ltd နှင့် ဦးထွန်းမြင့်
(ကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ် လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသူဒေါ်တင်စုလှိုင်)
**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

အထက်လိပ်စာပါ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ စိုက်ပျိုး (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၇) နေ တရားရှုံး ဦးထွန်းမြင့် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၃၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်) နေ့မွန်းမတည့်မီ (၁၀:၃၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မျိုးမျိုးစုကျော်)**

**တွဲဖက်ခရိုင်တရားသူကြီး(၃)**

**ကျောက်တံတားခရိုင်တရားရုံး**

## အများသိစေရန် ကြေညာချက်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/တောင်)၊ မြေကွက်အမှတ်(၇၉၁/က)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၇၉၁)၊ မာန်ပြေ(၂)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်တင်ကြည် (PLG–၀၁၇၀၀၂) [၁၂/သကတ(နိုင်)၁၁၇၉၉၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်ကြည် (PLG–၀၁၇၀၀၂) [၁၂/သကတ(နိုင်)၁၁၇၉၉၅]ကိုယ်တိုင်မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းမှာ မိမိ၏နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ နှစ်(၆၀)မြေငှားဂရန်စာချုပ်မူရင်းနှင့် အထက်ပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သာကေတမြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဒေါ်တင်ကြည်မှ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မိတ္တူ လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ်–၂(က)–၀၂၀၂/၉၃ (၂၂–၈–၁၉၉၃)ဖြင့် မူလထုတ်ပေးခဲ့သည့် ဒေါ်တင်ကြည် အမည်ပေါက် မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဒေါ်အေးအေးမြင့် (ဘ) ဦးကျော်မြင့်[၁၂/ဗတထ(နိုင်)၀၂၆၅၃၂] ထံမှ ၎င်းလက်ရှိနေထိုင်ပြီး ၎င်းတစ်ဦးတည်းပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း (ခရစ်လမ်း)၊ အိမ်အမှတ်(၁၉၉)၊ အခန်းအမှတ်(၆)၊ ပထမထပ်၊ ယာဘက်အခန်းနှင့်တကွ အခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤနေ့မှတစ်ပတ်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**

| **ဦးတင်ထွန်း BA (Law), LL.B** | **ဒေါ်တင်အေး(မစု) B.A.,H.G.P,R.L** | **ဒေါ်သွဲ့ဦးမွန် (ငယ်ငယ်) LL.B** |
|---|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၂၃၀၉) (၆–၁–၁၉၈၂)** | **(စဉ်–၇၄၈၁) (၁၅–၅–၂၀၀၇)** | **(စဉ်–၈၉၂၀) (၂၁–၃–၂၀၁၃)** |

**အမှတ် (၃)၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**

**ဖုန်း–၀၉–၅၁၄၄၀၆၇၊ ၀၉–၅၁၄၃၆၄၄**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က(ခွဲ)၊ ကလော့ကြီး၊ Grade(11) မှ မသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန်း [၁၀/ပမန(နိုင်)၂၆၁၀၈၁] ဖြစ်ပါကြောင်း။

**ဦးမျိုးသန်း**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်ရွှေ၏သား ကျော်ဇင်အောင် [၁၂/မဂဒ(နိုင်)၁၅၀၅၃၆] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၆၉၅၅၁၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ တိုက်အမှတ်(၇၄/၇၆) အနော်ရထာအိမ်ရာ၊ အခန်းအမှတ်(၃၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်သောင်း (AG–၁၁၀၂၀၀) ထံမှ သားဖြစ်သူ ဦးဝင်းကိုကိုသောင်း[၁၂/အစန(နိုင်)၁၀၅၆၇၁] က အဆိုပါအခန်းအား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို လက်ခံရရှိပြီးဖြစ်ပါသဖြင့် ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအားကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ် (၄၅၂)၊ ပေ(၄၀)လမ်း၊ အမှတ်(၄၅၂)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား ဦးအောင်မြင့် (ISN–၂၂၀၇၃၁)အမည်ပေါက် အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)မြေအနက်မှ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)အကျယ်ရှိ မြေရှင် ဒေါ်ဝါဝါခိုင်[၁၂/အလန(နိုင်)၀၈၇၀၈၉]ပိုင်ဆိုင်သော မြေပေါ်တွင် (၅)ထပ် ကန်ထရိုက်တိုက်အဆောက်အဦ၏ ကန်ထရိုက်တာပိုင် ပထမထပ်တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကြိုပွိုင့်စနစ်ဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးဇော်ဝင်း [၆/မထလ(နိုင်) ၀၁၀၀၁၂] ထံတွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် တိုက်ခန်းကြိုပွိုင့် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လွင်မာဦး (LL.B)** — **ဒေါ်ဖြူဇင်ဦး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၁၁)** — **အထက်တန်းရှေ့နေ (စဉ်–၄၈၁၉၆)**

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း–၀၉–၂၅၉၆၈၆၀၈၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၅

ဒေါ်ဖြူဖြူဝင်း နှင့် ဦးအောင်လှထူး
**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ခေမာကျောင်းလမ်း၊ အမှတ်(၅၇၆)နေ ဦးအောင်လှထူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက “ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက် (၁၃၈၆–ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် နယူးကာဆယ်အသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရ



အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အာဆင်နယ်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ ဇန်နဝါရီ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ နယူးကာဆယ်အသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အဝေးကွင်းကို လာရောက်ယှဉ်ပြိုင်ကစားခဲ့ရတဲ့ နယူးကာဆယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၇ မိနစ်မှာ အီဆက်က တစ်ဂိုးနဲ့ ၅၁ မိနစ်မှာ ဂျော်ဒန်ကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နယူးကာဆယ်အသင်းနဲ့အတူ သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အီဆက်ဟာ ယခုဘောလုံးရာသီမှာ နယူးကာဆယ်အသင်းအတွက် သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ပေမယ့် **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ✤

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ကို ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းလိဂ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း၏ Asean Cup ပြိုင်ပွဲကြောင့် တစ်လကျော်ကြာ ရပ်နားထားခြင်းဖြစ်ပြီး လက်ကျန်ပွဲများကို ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁ ရက်အတွင်း အပြီးကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၁၅) အဖြစ် ဇန်နဝါရီ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် တောင်ကြီးကွင်း၌ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ✧

**ယနေ့** ဖတ်စရာ


**ဂျပန်ပင်လယ်တစ်လျှောက်ရှိ ဒေသများ၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက်ရှိ** စာမျက်နှာ » ၁၃

**ဆီဆိုင်မြို့နယ် ထီစုံကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ပျက်စီးပြီး ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်လျက်ရှိ** စာမျက်နှာ » ၁၅

**မြစ်သားမြို့နယ်၌ မိုးကြက်သွန်နီများ ထွက်ပေါ်ပြီး ဈေးနှုန်းကောင်းမွန်၍ အကျိုးအမြတ်ရ** စာမျက်နှာ » ၂၀


## MFF ဖူဆယ်လိဂ်(၂) ပြိုင်ပွဲတွင် TG United၊ JZ Yangon နှင့် 7 Dragon အသင်းတို့ ထိပ်ဆုံးတွင် အပြိုင်ဖြစ်လာ

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်(၂)ပြိုင်ပွဲ ပွဲစဉ် (၄) ကို ဇန်နဝါရီ ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ TG United၊ JZ Yangon နှင့် 7 Dragon အသင်းတို့ ထိပ်ဆုံးတွင် အပြိုင်ဖြစ်လာသည်။

ပွဲစဉ် (၃) အပြီး ထိပ်ဆုံးတွင် ဦးဆောင်နေသည့် Pacific Sun Far အသင်းသည် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရပြီး TG United၊ JZ Yangon နှင့် 7 Dragon အသင်းတို့မှာ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❂




Black Cross အသင်းနှင့် Gold Dream အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။